ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့ (25-8-2008) (၅၇၈၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ဧည့်သည်တော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ၆နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ရန်ကုန်မြို့၌ ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် ကြည်း၊ ရေ၊ လေ စစ်သံမှူးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် ဇနီး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Colonel Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာထိုင်းနိုင်ငံသံရုံး၏ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag တို့အား အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

ပေကျင်း အိုလံပစ်အားကစားပွဲတော် ပိတ်ပွဲအခမ်းအနား ခမ်းနားသိုက်မြိုက်စွာ ကျင်းပ

ဒှက်သိုက်အားကစားကွင်းအတွင်း လေထဲတွင် ကြီးမားသော ဗုံကြီးနှစ်လုံးကို တီးခတ်နေပြီး ကွင်းထဲတွင် လှုပသော ကကွက်များကို တင်ဆက်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ပေကျင်း ဩဂုတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော် အမျိုးသားအားကစားပြိုင်ကွင်းတွင် ၂၀၀၈ ပေကျင်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဗုံများ မြိုင်မြိုင်ဆိုင်ဆိုင်တီးကာ မီးရှူးမီးပန်း၊ မီးကျည်များပစ်ဖောက်၍ ကျင်းပရာ အားကစားသမားများ လက်ချင်းဆက် အပြုံးချင်းယှက်၍ တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပေကျင်းစံတော်ချိန် ည ၈ နာရီတွင် ပရိသတ် ၉၀၀၀၀ သည် (၂၉)ကြိမ်မြောက် အိုလံပစ်အားကစားပွဲကို ရည်ရွယ်၍ ဂဏန်းအရေအတွက် ၂၉ အထိ ရေတွက်ကာ ပိတ်ပွဲအခမ်းအနားကို ကျင်းပသည်။

တရုတ်လူငယ်မောင်မယ်များက ကျေးလက်ရိုးရာအကများ၊ ခေတ်မီ နည်းပညာများဖြင့် တင်ဆက်ဖြေဖျော်ကြသည်။ အားကစားပြိုင်ကွင်း၏ ကောင်းကင်တွင်သာမက ပေကျင်းမြို့တော် တစ်ခွင်လုံးပါ မီးရှူးမီးပန်းများ ပစ်ဖောက် အလှဆင်ကြသည်။

နိုင်ငံပေါင်း ၂၀၄ နိုင်ငံမှ အားကစားသမား ထောင်ပေါင်းများစွာသည် သီချင်းသံနှင့်အတူ ပျော်ပျော်ပါးပါး အားကစားကွင်းအတွင်းသို့ ဝင်ရောက်လာကြသည်။ တစ်ဦးနှင့် တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တွေ့ဆုံနှုတ်ဆက်ကြရာ ကြည်နူးဖွယ်၊ ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။ ပေကျင်းအိုလံပစ်ပွဲတော်ဆောင်ပုဒ်ဖြစ်သည့်"One World, One Dream"သရုပ်ကို ပီပြင်စွာ ဖော်ကျူးနိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

၂၅-၈-၂၀၀၈
(တနင်္လာနေ့)

တစ်ကိုယ်ရေကျန်းမာမှု အစဉ်ဂရုပြု ကျန်းမာရေးသတိပေးချက်များ လိုက်နာဆောင်ရွက်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ တစ်ကိုယ်ရေကျန်းမာမှု၊ ပတ်ဝန်းကျင် သန့်ရှင်းမှုဂရုပြုပြီး ရောဂါဘယကင်းရှင်းစေရေး စနစ်တကျ နေထိုင်စားသောက်ကြရမည်ဖြစ်သည်။

ယခုအချိန်သည် စွတ်စိုထိုင်းမှိုင်းသောမိုးရာသီဖြစ်ရာ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊ တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါများ ဖြစ်ပွားတတ်သဖြင့် ကြိုတင်ကာကွယ်မှု ပြုကြရမည်ဖြစ်သည်။

သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီးစသည့် အသီးအနှံများပေါများချိန်ဖြစ်ရာ အမှည့်လွန်အသီးများ အလွန်အကျွံ စားသုံးခြင်း၊ ယင်နားစာများ၊ မသန့်ရှင်းသောအစားအစာများ စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်းများ ဖြစ်တတ်သည်။

မသန့်ရှင်းသော သောက်သုံးရေများသည်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သဖြင့် သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးကြရမည် ဖြစ်သည်။

ထို့အပြင် ရာသီဥတု အပူအအေး ပြောင်းလဲမှုများကြောင့် ချွေးထွက်လွန်ခြင်း၊ မိုးမိ၍ အအေးပတ်ခြင်းတို့ မဖြစ်စေရန် သတိပြုနေထိုင် သွားလာကြရမည်ဖြစ်သည်။ မိမိတို့နေအိမ် ပတ်ဝန်းကျင်တွင် ရေအိုင် ရေဗွက်များ၊ ရေမြောင်းပိတ်ခြင်းများ၊ ချုံနွယ်ပိတ်ပေါင်းထူထပ်ခြင်းများ မရှိစေရန် သန့်ရှင်းရေးနှင့် ခြင်၊ ယင်၊ ပိုးလောက်လမ်း နှိမ်နင်းရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များနှင့်အညီ စနစ်တကျ နေထိုင်သွားလာခြင်း၊ သန့်ရှင်းသည့်ရေနှင့် အစားအစာများကို စားသောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြခြင်းတို့ဖြင့် လူတိုင်း ကျန်းမာခြင်းသုခနှင့် ပြည့်စုံနိုင်ကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် တောင်ဥက္ကလာပမြို့နယ် (၃) ရပ်ကွက် သစ္စာဥယျာဉ်အိမ်ရာနေ ဦးဌေးအောင်-ဒေါ်စန်းစန်းမြင့် မိသားစုက ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေ၊ ဂေါပကအဖွဲ့ဝင် ဦးအေးဖေနှင့် ဦးတင်အောင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

မဟာပဋ္ဌာန်းဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်း သုဓမ္မာတိုက်ကျောင်းတွင် မဟာပဋ္ဌာန်းဝိပဿနာ ခုနစ်ရက် တရားစခန်းကို စက်တင်ဘာ၂၁ရက်မှ ၂၇ရက်အထိ သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမက ပြသတော်မူမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား၍ အထက်ပါကျောင်းတိုက်သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး တရားစခန်းဝင်မည့်သူများသည် စက်တင်ဘာ ၂၀ ရက် ညနေ ၅နာရီ အရောက်လာရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (၅၄၂)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် အမှာစကားပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်း အမက(၉) ကျောင်းကျန်းမာရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

မရမ်းကုန်းမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့်၏ ဦးဆောင်မှုဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းစဉ်(၅)ရပ်ကို ဆောင်ရွက်လျက်ရှိရာကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အရ တစ်ကျောင်းလုံးရှိ ကျောင်းသား၊ ကျောင်းသူတို့အား ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၏ ကြီးကြပ်ကူညီမှုဖြင့် အလှူရှင်ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအေးမြင့်-ဒေါ်ခင်သန္တာဝေ (လှသီတာရွှေဆိုင်) မိသားစုက အာဟာရကြက်သားဆန်ပြုတ်ဖြင့်လည်းကောင်း၊အလှူရှင် ဦးကြည်ဝင်း - ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးတိုက်) မိသားစုက အာဟာရ ငါးရံ့ဆန်ပြုတ်ဖြင့် လည်းကောင်း သတ်မှတ်ရက်များအတိုင်း တိုက်ကျွေးပြီး **(ယာပုံ)** မရမ်းကုန်းမြို့နယ်ကျန်းမာရေးဦးစီးဌာနကျောင်းကျန်းမာရေးဆရာမ ဒေါ်ဥမ္မာတင့်က ကျောင်းကျန်းမာရေးဆိုင်ရာပညာပေး အချက်အလက်များကို သရုပ်ပြဟောပြောသည်။

ကျောင်းကျန်းမာရေး သီတင်းပတ် နောက်ဆုံးရက်တွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့က ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှုကိုစစ်ဆေးကြောင်း သိရသည်။

(ကြေးမုံ)

ကျောင်းကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကံဘဲ့(စံပြ)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင်ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးကြူခိုင်နှင့်အဖွဲ့၊ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးကြူခိုင်က ကျန်းမာရေးအကြောင်း သိကောင်းစရာများ ဟောပြောပြီး **(အပေါ်ပုံ)**ဆုရကျောင်းသား၊ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(ခရိုင်ပြန်/ဆက်)**

အလုံ၊ တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ကွင်းကျောင်း ကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သက်န်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အလုံမြို့နယ် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇာတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်အား သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော် ဆီ၊ ဆားနှင့် ပဲတို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့က ငွေကျပ် ၄၇၀၀၀၀ နှင့် စေတနာရှင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၇၉၀၂၆၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စာသင်တိုက်များကိုယ်စား ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အလုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခြောက်တိုက်သို့ ယနေ့လှူဒါန်းမှု အစုစုတို့မှာ ဆွမ်းဆန်တော် ၁၃၂ အိတ် ၁၅ပြည်၊ ဆီ ၈၃ ပိဿာ ၃၀ကျပ်သား၊ အိုင်အိုဒင်းဆား ၇၃၃ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၄၈၉၁ ဘူး၊ သွားတိုက်ဆား ၁၄၇ ဘူး၊ ပဲ ၁၄၆ ပိဿာ ၆၀ကျပ်သား၊ Calko Oat အထုပ် ၂၁ထုပ်၊ ခြင်နိုင်ဆေးခွေ ဘူး ၃၂၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၇၉၀၂၆၀၀ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း(၁၁)ကျောင်းနှင့်မင်္ဂလာတောင်ညွန့်မြို့နယ် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ကျောင်းတော်ကြီး၌ ကျင်းပသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ် လှူဒါန်းပွဲတွင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တာမွေမြို့နယ် မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက် နာယက ဆရာတော်အား သက်န်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၊ မြန်မာနိုင်ငံ ရေထွက် ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီး ဌာနနှင့် တိုင်းရင်းဆေးဝါးထုတ် လုပ်သူများနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများက လှူဒါန်း သော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ် ပစ္စည်းများကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ခုနစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ခုနစ်သောင်း၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ မင်္ဂလာတောင် ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စေတနာရှင်များ က ငွေကျပ် လေးသိန်း ငါးသောင်း၊ တာမွေမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဓမ္မဇေယျာ စာသင်တိုက် ဆရာဒကာအဖွဲ့နှင့် အောင်မြေဗိမာန် ဆရာဒကာအဖွဲ့ တို့က ငွေကျပ် ၁၅ သိန်းစီ အပါ အဝင် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၅၈၆၉၇၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာသင် တိုက်များကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများက လက်ခံ ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

တာမွေနှင့် မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင် တိုက်များသို့ ယနေ့လှူဒါန်းမှု အစုစု တို့မှာ ဆွမ်းဆန်တော် အိတ် ၁၀၁ အိတ် ကိုးပြည်၊ ဆီ ၅၅ ပိဿာ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၅၅ ပိဿာ၊ သွားတိုက်ဆား ၁၁၁ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၇၃၉၅ ဘူး၊ ပဲ ၁၄၁ ပိဿာ၊ ငရုတ်သီးမှုန့်အထုပ် ၄၅၀၊ ခြင်နိုင်ဆေးခွေဘူး ၃၂၀၊ ဆွမ်း ပဒေသာပင် အလှူတော်ငွေကျပ် ၁၅၈၆၉၇၀၀ ဖြစ်သည်။

(သတင်းစဉ်)

ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတ္တကန်တောင်ရွာအနီး တည်ထားကိုးကွယ်လျက်ရှိသော ဉာဏ်တော် ၄၂၄ ပေရှိပြီး ကမ္ဘာ့အကြီးဆုံး ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တစ်ဆူဖြစ်သော မဟာဗောဓိ တစ်ထောင် လေးကျွန်းစကြာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်။ (အဆိုပါ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အတွင်း အထပ်ပေါင်း ၃၄ ထပ်ရှိပြီး ပထမရင်ပြင်အကျယ် စတုရန်းပေ ၆၀၉၀၀၊ ဒုတိယရင်ပြင် အကျယ် စတုရန်းပေ ၁၆၈၀၀ နှင့် ပန်းတည်ခုံရင်ပြင် အကျယ် ၄၂၇၁၅ စတုရန်းပေရှိကြောင်း သိရှိမှတ်သားရသည်။)

(တိုင်း ပြန်/ဆက်)

ဦးမြဟန်အားရည်စူး၍ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (၈)ရပ်ကွက်နေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၃၈၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးခုတင် တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (ကြေးမုံ)

ဒိုင်လူကြီးအထောက်အကူပြုပစ္စည်း ပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဩဝါဒစကားပြောကြားခြင်းနှင့် ဒိုင်လူကြီး အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကို ဩဂုတ် ၂၃ရက် မွန်းလွဲ ၂ နာရီတွင် Goal ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေ အတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)နှင့်ကော်မတီဝင်များ၊ ဒိုင်လူကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကွင်းလယ်ဒိုင်လူကြီးဦးလှတင့်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများ ကိုယ်စား ဒိုင်လူကြီးနှစ်ဦးအား ဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။ **(ဝဲပုံ)** (ကြေးမုံ)

သီတဂူဆရာတော်တရားပွဲ

ရန်ကုန် ဩဂုတ် ၂၄

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt., Ph.D) သည် ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၁၃)ရပ်ကွက် အောင်မြေလူထု ဓမ္မာရုံတော်ကြီး၌ (၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်) ဩဂုတ်၂၆ ရက် ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်၍ မည်သူမဆို တရားနာကြွရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၀/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကော်မတီ၊ ဆပ်ကော်မတီများက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက စီစဉ်ထုတ်ဝေသော ပညာပေးလက်ကမ်းစာစောင်များ၊ အိပ်ဆောင်ကတ်များ၊ လမ်းအသုံးပြုသူများအတွက် လက်စွဲစာအုပ်များ ဖြန့်ဝေဆောင်ရွက်ရာတွင် အသုံးပြုသူ ပြည်သူက အမှန်တကယ် သိရှိနားလည်လိုက်နာမှု ရှိ၊ မရှိ အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်သော အကြောင်းအရာများကို ရေးဖြေ၊ နှုတ်ဖြေပြိုင်ပွဲများ ကျင်းပ၍ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့ ရွှေဆံတော် စေတီဘက်စုံပြုပြင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

တောင်ငူမြို့၏ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော် မြတ်ကြီး ဂေါပက ဦးတင်ထွန်းမိသားစု ဆောက်လုပ်လှူဒါန်းထားသော ဂန္ဓကုဋိ အာရုံခံတန်ဆောင်းအတွင်း (ဘဏ္ဍာတော်ထိန်း ဂေါပကရုံး အဆောက်အအုံ၊ ရင်ပြင်တော်ပေါ်ရှိ စေတီရံများ၊ မဟာရံတံတိုင်းနှင့်မြေထိန်းနံရံများ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက်) အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်က ငွေကျပ် သိန်း ၅၀၀၊ ဦးတင်ထွန်း (ဂေါပက)၊ဇနီး ဒေါ်ခင်လှနွယ်၊ ညီမ ဒေါ်တင်မြမြတို့က ငွေကျပ်သိန်း ၅၀၊ ဦးရဲဝင်း(ဂေါပက)-ဒေါ်စမ်းစမ်းမြင့်တို့က ငွေကျပ် ၂၅ သိန်း၊ ဦးကျော်စိန်(ဂေါပက)-ဒေါ်ဝင်းရီမိသားစုက ငွေကျပ် သိန်း၂၀၊ ဦးလွင်အောင်-ဒေါ်စန်းရီတို့က ငွေကျပ်သိန်း ၂၀၊ ငွေကျပ် ငါးသိန်း အလှူရှင် လေးဦး၊ ငွေကျပ် တစ်သိန်းအလှူရှင် လေးဦး၊ ငွေကျပ် ငါးသောင်းအလှူရှင် နှစ်ဦးနှင့် ဦးမြင့်ညို-ဒေါ်ဝင်းကြည်တို့က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ အုတ်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဆွေးနွေးမှာကြား

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာန တို့၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ ၂၀၀၈ ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၃ ရက် နံနက်၉ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို သိရှိလိုက်နာကာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်းဖြင့်ဆွေးနွေးမှာကြားသည်။ ထို့နောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်စောဝင်းနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

မကွေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးလှရွှေင် အဖွင့်အမှာစကား ပြောကြားစဉ်။

(ခရိုင်ပြန်/ဆက်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၃၃)တွင် **'စိုက်သောအပင်၏ အသီးစားချိန်' အထူးသတင်းဆောင်းပါးနှင့်အတူ** သယ်န်းကျွန်းတွင် နှစ်လောင်းပြိုင်လှုသတ်မှုဖြစ်ရာ တရားခံတစ်ဦး သုံးရက်အတွင်း ဖမ်းဆီးနိုင်ခဲ့၊ တောင်ပြိုမှုကြောင့် ခေတ္တတုံ့ဆိုင်းခဲ့သည့် မြဝတီကုန်သွယ်ရေးစခန်း ပုံမှန်ပြန်ဖြစ်ပြီ၊ လေဘေးသင့်ဒေသအချို့ရှိ အိုင်အင်န်ဂျီအိုဝန်ထမ်းများ စေတနာထားဆောင်ရွက်ကာ အနေအထိုင်လည်း ဆင်ခြင်သင့်၊ ဒီဇယ် တစ်ပီပါ ကျပ်နှစ်သိန်းငါးသောင်းနှစ်ထောင်ဖြင့် စီးပွားရေးလုပ်ငန်းရှင်များကို ရောင်းပေး၊ ပြင်ခရိုင်ကျေးရွာ တစ်ရွာတွင် ကျပ်သန်းတစ်ရာ့ငါးဆယ်ဖိုး ငါးဖမ်းစက်လှေများ ဂျိန်းစ်ဘွန်းမင်းသားလှူမည်၊ ဦးထွန်းလွင်ကို မိုးလေဝသပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ချီးမြှင့်မည်၊ မိချောင်းများဝယ်ယူနိုင်ပြီ စသည့် ပြည်တွင်းရေးရာသတင်းများနှင့် အတူ **'တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week)' ကဏ္ဍ**၊ မြင်းမိုရ်တောင်ထွတ်များသို့ ဦးခိုက်ခြင်း-- မျက်မှောက်ရေးရာ ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကမ္ဘာကြီးကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်နေပါတယ်' ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး စတိန်းမားနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားအကြောင်း ရှုတ်ချရေးသားထားသည့် စာအုပ်အရောင်းသွက်၊ အမေရိကန်သုတေသနအဖွဲ့တစ်ဖွဲ့ ခေတ်ခွဲခန်းအတွင်း သွေးအတုဖန်တီးနိုင်ပြီ၊ နှစ်ပေါင်း ၄၂နှစ်အတွင်း အဆိုးရွားဆုံးရေကြီးမှု လာအိုကြုံတွေ့နေ၊ ရုရှားကို ဘယ်သူဦးဆောင်နေဆဲဆိုတာ ဂျော်ဂျီယာတိုက်ပွဲက သက်သေပြ၊ ၉/၁၁ တိုက်ခိုက်မှုအတွက် ဆော်ဒီတွင် တာဝန်မရှိ၊ ဗန်ကောက်မြို့ကို အဆိုးရွားဆုံးမုန်တိုင်း ကြီးဝင်ရောက်မည်ဟု သတိပေးနှိုးဆော်ထား၊ အသားဟင်းလျာတွင်း ဆံပင်မွှေးထည့်သည့် စားဖိုမှူး ထောင်ခြောက်လကျ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အမှုဆောင်များက အလုံမြို့နယ်တွင် နေထိုင်သည့် ကျွမ်းဘားနည်းစနစ်အရာရှိ(ငြိမ်း)ဦးစောလှမြင့် (၈၃)နှစ်အား ဩဂုတ် ၂၃ရက်က နာမကျန်းထောက်ပံ့ငွေ ကျပ်ငါးသောင်းကို အိမ်တိုင်ရာရောက်သွားရောက်ပေးအပ်စဉ်။

(ကြေးမုံ)

စာကြည့်တိုက်မှူးတာဝန်နှင့် စာကြည့်တိုက်လုပ်ငန်းများ စုစည်းရှင်းလင်းခြင်းသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၄

မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးများအား စာကြည့်တိုက်မှူးတာဝန်နှင့် စာကြည့်တိုက်လုပ်ငန်းများ စုစည်းရှင်းလင်းခြင်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီတွင် မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှရွှေင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်လွင်၊ မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သိမ့်ဝါ၊ ရုပ်သံကျွမ်းကျင်-၃ ဒေါ်နှင်းဝေဦးနှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဦးတင်ထွန်းဦးတို့က အသီးသီး ပို့ချခဲ့ကြသည်။ ဆက်လက်၍ ကျေးရွာအုပ်စု ၂၆ အုပ်စုရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးများအား ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ သုတ၊ ရသစာအုပ် စုစုပေါင်း ၁၅၀၀ အား မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်သိမ့်ဝါတို့က ပေးအပ်လှူဒါန်းသည်။

(ခရိုင်ပြန်/ဆက်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဧရာဝတီမြစ်အတွင်းမှ ပေါ်တော်မူဘုရားငါးဆူ

သတင်းကုသိုလ်-တင်ဝင်းလေး(ကြည့်မြင်တိုင်)
မှတ်တမ်းဓာတ်ပုံ-သက်ထက်ကို (ဘော်ဂါမြေ)

မေလအတွင်းက မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်၊ ချော်ဆိပ်မြစ်ကမ်းနံဘေးတွင် တည်ထားကိုးကွယ်လျက်ရှိသော လိုရာပြည့်စုံ ရန်မျိုးလုံဘုရားနှင့် ကိုက် ၃၀၀ ခန့်အကွာ ဧရာဝတီမြစ်လယ်အတွင်းမှကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်(ထိုင်တော်မူ) ငါးဆူ ဆယ်ယူပင့်ဆောင် ရရှိထားကြောင်း ကြားသိခဲ့ရသည်။

ထို့အပြင် ဆယ်ယူသည့် အချိန်မှစ၍ ယခုတိုင် မြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှဘုရားဖူးပရိသတ်တို့ဖြင့် နေ့ညမပြတ်စည်ကားလျက်ရှိပြီး တာဝန်ရှိသူတို့ကလည်း အနီးကပ်ကြီးကြပ် စီစဉ်လျက် ပွင့်လင်းရာသီဖြစ်သော အောက်တိုဘာလဆန်းတွင် ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ သိမ်တင်းသုံးရန်အတွက် ဂန္ဓကုဋိတိုက်ကြီးကို တည်ထားတော့မည်ဖြစ်ရာ ကြေးမုံသတင်းအဖွဲ့သည် ကုသိုလ် ဖြန့်ဝေ သတင်းပေးနိုင်ရန်အတွက် မန္တလေးမြို့သို့ သွားရောက်ခဲ့သည်။

ပေါ်တော်မူဘုရားငါးဆူကို လိုရာပြည့်စုံ ရန်မျိုးလုံဘုရားဂေါပကအဖွဲ့က ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် တွေ့ဆုံ၍ သိလိုသမျှတို့ကို မေးမြန်းခဲ့ပါသည်။

ဘုရားကုန်းတော်နှင့် ကိုက် ၃၀၀ ခန့်အကွာ ဧရာဝတီမြစ်အတွင်း၌ ဂေါပကအဖွဲ့ဝင်တစ်ဦး၏ သဘော်ာပျက်ဆယ်ယူရေး လုပ်ငန်းခွင်တစ်ခုရှိသည်။ ထိုအဖွဲ့ ဆယ်ယူနေသော သဘော်ာပျက်အနီး ပေ ၅၀ ခန့်အကွာ မြစ်ကြမ်းပြင်၌ သဲများဖုံးအုပ်နေသည့်ကြားမှ တစ်ပိုင်းတစ်စ ပေါ်ထွက်နေသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီးနှစ်ဆူကို သန့်စင်အောင် ရေငုပ်အဖွဲ့မှ ရေငုပ်သမား ကိုမောင်မြင့်က ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၀၈ ခုနှစ် မေ ၂၇ ရက်) အင်္ဂါနေ့တွင် စတင်ဖူးတွေ့ခဲ့ရသည်။

ထိုနေ့မှာပင် ဉာဏ်တော်အမြင့် ၄၃ လက်မရှိ ဗုဒ္ဓရုပ်ပွားတော်အား ရေငုပ်အဖွဲ့က ပထမဦးဆုံး ဆယ်ယူပင့်ဆောင်ခဲ့ပြီး ညနေ ၆ နာရီခန့်တွင် အများပြည်သူတို့ ဖူးမြော်နိုင်စေရန် ဘုရားဂေါပကအဖွဲ့ထံအပ်နှံခဲ့ကြသည်။

ဘုရားဆင်းတုတော်များ စတင်တွေ့ရှိသူ ကိုမောင်မြင့်နှင့် ရေငုပ်အဖွဲ့က မြစ်အတွင်း ကျန်ရှိနေသော ဒုတိယရုပ်ပွားတော်မှာ ဉာဏ်တော်အလွန်ကြီးမားကြောင်း ပြောလာသည့်အတွက် ဂေါပကအဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်မိရပ်ဖများ၊ စေတနာရှင်လုပ်အားပေး လူငယ်များ၊ သန့်စင်အောင် ရေလုပ်ငန်း အဖွဲ့ဝင်များစုပေါင်းအားဖြင့် ဆယ်ယူခဲ့ကြသည်။

အဆိုပါ ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်မှာ၁၀ ပေ ၁၀ လက်မရှိပြီး တန်ချိန်အားဖြင့် ၁၅တန်ခန့်ရှိရာ ကဆုန်လပြည့်ကျော် ၉ ရက် (မေလ ၂၈ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီခွဲတွင် မော်တော်ကိုးစင်း အကူအညီဖြင့် စတင်ဆယ်ယူခဲ့ပြီး မွန်းလွဲ၂နာရီခွဲတွင် ကမ်းစပ်သို့ ရောက်ရှိခဲ့သည်။ ဘုရားရင်ပြင်ပေါ်သို့ ည ၈ နာရီတွင် အောင်မြင်စွာ ပင့်ဆောင်နိုင်ခဲ့ကြသည်။ ဘုရားငါးဆူအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည်။

မူလတွေ့ရှိထားသော ဘုရားနှစ်ဆူအပြင် နောက်ထပ် ဘုရားသုံးဆူ ထပ်မံတွေ့ရှိလာသည့်အတွက်တတိယရုပ်ပွားတော်ကြီးအား မန္တလေးတိုင်း သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဩဝါဒမိန့်မြွက်ချက်အရ မဟာအောင်မြေမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်များ၊ ဘုရားဂေါပကအဖွဲ့၏ ဩဝါဒစရိယဆရာတော်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် ပြည်သူများ၊ သံဘိုကျွန်းရေငုပ်အဖွဲ့တို့ စုပေါင်း၍ နယုန်လဆန်း ၂ ရက် (ဇွန် ၅ ရက်) ကြာသပတေးနေ့ နံနက် ၉ နာရီတွင် မော်တော်သုံးစင်းအကူဖြင့် စတင်ဆယ်ယူကြရာ မွန်းလွဲ ၁ နာရီတွင် ဖော်ယူနိုင်ခဲ့ပြီး ဘုရားကုန်းတော်ပေါ်သို့ ည၇နာရီတွင် အောင်မြင်စွာ ပင့်ဆောင်နိုင်ခဲ့ကြသည်။ ဉာဏ်တော်ကိုးပေရှိပြီး ဘုရားငါးဆူအနက် ဉာဏ်တော် ဒုတိယအမြင့်ဆုံး ဖြစ်သည်။

ထူးခြားချက်မှာ ဆယ်ယူရရှိထားသည့် ပထမ၊ ဒုတိယ ရုပ်ပွားတော်များတွင် သက္ကရာဇ်နှင့် အလှူရှင်များ ကမ္ပည်းစာ မတွေ့ရသော်လည်း တတိယအဆူတွင် (၁၂၉၂ ခုနှစ်၊ ဘုရားအမ မနှင်းလှ၊ မောင် ဘုရားဒကာ ဦးစန်ဒွန်း သားသမီး တစ်စုကောင်းမှုနတ်လူသာဓုခေါ်စေသော်ဝ်) ဟု ကမ္ပည်းစာတန်းထွင်းထုထားသည်ကို မြင်တွေ့ခဲ့ရသည်။

စတုတ္ထမြောက် ရုပ်ပွားတော်အား နယုန်လဆန်း ၇ ရက် (ဇွန် ၁၀ ရက်) အင်္ဂါနေ့ နံနက် ၁၀ နာရီခွဲတွင် ဂေါပကအဖွဲ့ ဦးစီးသော ရေငုပ်အဖွဲ့က စက်လှေကိုးစင်းအကူအညီဖြင့် ဆောင်ရွက်ကြရာ ဉာဏ်တော် နှစ်ပေလေးလက်မအရွယ် ရုပ်ပွားတော်အား ဆယ်ယူနိုင်ခဲ့ပြီး နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ယာယီစံကျောင်းပေါ်သို့ ပင့်ဆောင်နိုင်ခဲ့ပြန်သည်။

ထိုနေ့မှာပင် နောက်ဆုံးတစ်ဆူအား ဆက်လက်ရှာဖွေကြပြန်ရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် စတင်တွေ့ရှိသော်လည်း မြစ်ရေပြင် အနက် ၄၅ ပေ၌ဖြစ်၍ ရေစီးအား ပြင်းထန်နေပြီး သဲများ ပြန်လည်ဖုံးအုပ်နေသဖြင့် ဆယ်ယူပင့်ဆောင်ရန် အခက်အခဲများစွာ တွေ့ကြုံခဲ့ရကြောင်း သိခွင့်ရခဲ့သည်။ ထပ်မံ၍ ညနေ ၅ နာရီ ၁၀မိနစ်တွင် ပြန်လည်ဆယ်ယူနေချိန်တွင် ရေပြင်ပေါ်မှ မော်တော်တစ်စင်းဖြင့် ဩဝါဒစရိယ ဆရာတော်ကြီးများကိုယ်တိုင် ဘုရားဂုဏ်တော်များ၊ မေတ္တာသုတ်တော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူပြီး မေတ္တာပို့ အမျှပေးဝေသည့်အတွက် ညနေ ၆ နာရီ မိနစ်၂၀ တွင် မြစ်ကြမ်းပြင်မှ စတင် ပင့်ဆောင်နိုင်ခဲ့သည်။ ဉာဏ်တော်မှာ လေးပေရှိပြီး ည ၇ နာရီ ၂၇ မိနစ်တွင် ဘုရားရင်ပြင်ရှိ ယာယီစံကျောင်းပေါ်သို့ အောင်မြင်စွာ ပင့်ဆောင်နိုင်ခဲ့ကြသည်။

မြတောင်တိုက် အဓိပတိမဟာနာယကဗွေ့ဝါဝင်းကျောင်းဆရာတော်၊ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော်၊ မစိုးရိမ် တိုက်သစ် ဓမ္မာဓိပတိကျောင်း နာယကဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ပထမဦးဆုံး ဆယ်ယူရရှိခဲ့သော ရုပ်ပွားတော်အား **မဟာလောကသုခ အသောကမုနိ** လိုရာပြည့်စုံ ရန်မျိုးလုံ၊ ဒုတိယဆယ်ယူရရှိခဲ့သော ရုပ်ပွားတော်အား **မဟာလောကနာထ အသောကမုနိ** လိုရာပြည့်စုံ ရန်မျိုးလုံ၊ တတိယ ဆယ်ယူရရှိခဲ့သော ရုပ်ပွားတော်အား **မဟာလောကဟိတ အသောကမုနိ** လိုရာပြည့်စုံ ရန်မျိုးလုံ၊ စတုတ္ထဆယ်ယူရရှိသော ရုပ်ပွားတော်အား **မဟာလောကပါလ အသောကမုနိ** လိုရာပြည့်စုံ ရန်မျိုးလုံ၊ ပဥ္စမ ဆယ်ယူရရှိခဲ့သော ရုပ်ပွားတော်အား **မဟာလောကဗန္ဓု အသောကမုနိ** လိုရာပြည့်စုံ ရန်မျိုးလုံပေါ်တော်မူဘုရားဟု ဘွဲ့အမည်တော်များ ဆက်ကပ်လှူဒါန်းထားကြသည်။

ဘုရားဝင်းအတွင်း၌ တွေ့ဆုံခွင့်ရခဲ့သော ချော်ဆိပ်ရပ်ကွက်နေအသက် (၈၅) နှစ်ရှိ အဘိုး ဦးအေးက "လွန်ခဲ့သော ၇၅ နှစ်ခန့်က ဧရာဝတီမြစ်၊ ဒီချော်ဆိပ်ကုန်းဘုရား (ရန်မျိုးလုံဘုရား) တောင်ဘက်ရေနံတိုင်နဲ့ ကိုက် ၃၀၀ လောက် အကွာမှာ ဘုရားများပင့်ဆောင်လာတဲ့ဖောင် ဝဲမိပြီး နစ်မြုပ်ခဲ့ဖူးပါတယ်။ အာလောင်ရွာသားတွေ သုံးကြိမ် တိုင်တိုင် အုန်းဆံကြိုးများနဲ့ ပြန်လည်ဆယ်ယူဖို့ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ပါဘူး။ အခု ဆယ်ယူရရှိခဲ့တဲ့ ဘုရားများမှာ အုန်းဆံကြိုးအဟောင်း အဆွေးတွေ တွေ့ရှိရတဲ့အတွက်ဟိုးယခင်ကနစ်မြုပ်ခဲ့တဲ့ဘုရားများ ဖြစ်နိုင်ပါတယ်" ဟု ပြောသည်ကို ကြားသိခဲ့ရပါသည်။

တစ်ဖန် ဂေါပကအဖွဲ့၏ ဖိတ်ကြားချက်အရ ရောက်ရှိနေသော စကျင်ရွာမှ အသက် (၇၇)နှစ်ရှိ အဘိုး ဦးဇော်(ကျောက်ဆစ်ပညာရှင်)က ပြောပြသည်မှာ "ဤပေါ်တော်မူဘုရားများ၏ မူလပိုင်ရှင်မှာ ဆရာသော်ကြီး ဖြစ်နိုင်ကြောင်း၊ ဆရာကြီးမှာ စကျင်ဇာတိဖြစ်သော်လည်း မန္တလေးကျောက်ဆစ်တန်းတွင် နေခဲ့ဖူးကြောင်း၊ စကျင်တွင် ဘုရားပုံကြမ်းထု၍ မန္တလေး၌ တပည့်နှစ်ယောက်ဖြစ်သည့် ဦးမြိုင်ကြီး၊ ဦးလူဝ(ဦးဇော်၏ဖခင်)တို့ဖြင့် အချောထည်ထုကြောင်း၊ရုပ်ပွားတော်များအားမရမ်းခြံဆိပ်ကမ်းတွင်ဖောင်များကိုလှေနှင့်တွဲညှပ်ပြီးမြစ်ကြောင်းအတိုင်းအောက်ပြည်အောက်ရွာများသို့ စုန်ဆင်း၍ နိဗ္ဗာန်ကုန်ရောင်းချသူဖြစ်ပါကြောင်း၊ယခုချော်ဆိပ်အနီး သံလျက်မှော်ဝဲကြီးတွင်ဖောင်နစ်မြုပ်ခဲ့ဖူးကြောင်း၊ ၎င်း၏ဖခင် ဦးလူဝ ပြောပြသည်များကို ယခုတိုင်မှတ်မိနေသေးကြောင်း" ပြောပြခဲ့ပါသည်။

ဆက်လက်၍ ယခုဆင်းတုတော်များမှာ သီပေါမင်း ပါတော်မူပြီး ကိုလိုနီခေတ်ကထုထားသောလက်ရာများ ဖြစ်ကြောင်း၊ ရတနာပုံခေတ်နှောင်းပိုင်းလက်ရာများဖြစ်ကြောင်း၊ ဘုရားအားလုံး စကျင်ကျောက်သားဖြင့် ထုဆစ်ထားပြီး လက်ရာအလွန်ကောင်းမွန်ပြီး မုဒြာအားဖြင့် "မာရဝိဇယမုဒြာ"၊"ဘူမိဖဿ မုဒြာ" များ ဖြစ်ကြောင်း၊ မျက်ခုံးတော်၊ နှာခေါင်းတော်၊ ပါးစပ်တော် ပြုံးခြင်းသုံးပါးကို ပီပြင်အောင် ထုဆစ်နိုင်မှသာ ဘုရားမျက်နှာတော်တစ်ခုလုံး အချိုးအစားညီမျှပြီး သပ္ပာယ်တော်မူမှာ ဖြစ်ပါကြောင်း၊ ယခုခေတ် ကျောက်ဆစ်ပညာရှင်များ အတုယူလေ့လာသင့်ပါကြောင်း ဖြည့်စွက်ပြောကြားသည်ကို ကြားသိခဲ့ရပါသည်။ ဆရာကြီး၏ ပြောပြချက်ကြောင့် ရုပ်ပွားတော်များ၏ မျက်နှာတော်များမှာ တစိမ့်စိမ့်ဖူးမြော်၍မဝလောက်အောင် အပြုံးတော်များ ဆောင်နေသည်ကို ဖူးမြင်မိပါသည်။

ယခုအခါ ပေါ်တော်မူရုပ်ပွားဆင်းတုတော်ကြီးများကို လိုရာပြည့်စုံ ရန်မျိုးလုံ ဘုရားကုန်းတော်ပေါ်တွင် ယာယီစံကျောင်း ဆောက်လုပ် အပူဇော်ခံ ထားရှိပါသည်။ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်ဓမ္မာဓိပတိကျောင်းဆရာတော်က ဦးဆောင်၍ ဩဝါဒစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့များဖြင့် စနစ်တကျ ဖွဲ့စည်းစောင့်ရှောက် ထိန်းသိမ်းထားလျက်ရှိပြီး ရန်မျိုးလုံဘုရားကုန်းတော်မှာပင် အစဉ်ထာဝရ ကိန်းဝပ်စံပယ် ပူဇော်ထားနိုင်ရေးအတွက် ဘုရားရင်ပြင်တော် တိုးချဲ့ရေး၊ ဂန္ဓကုဋိတိုက် ဆောက်လုပ်ရေး အတွက် ဆောင်ရွက်နေပြီဖြစ်ရာ ထူးထူးခြားခြား မွန်မြတ်လှသော အလှူဒါနတစ်ခုပြုနိုင်ကြစေရန် ရည်သန်၍ ကုသိုလ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

၁၅ တန်မျှ ရှိသော ဒုတိယမြောက် ဗုဒ္ဓ ရုပ်ပွားတော် မြတ်ကြီး ကို လူအား၊ စက်ယန္တရားအား ဖြင့် ခက်ခက်ခဲခဲ ဤသို့ ဆယ်ယူပင့်ဆောင်ခဲ့ ကြ ရသည်။

တတိယမြောက် ရုပ်ပွားတော်အား ဆယ်ယူချိန်တွင် လာရောက် ဖူးမြော်ကြသော ပရိသတ်ကြီးမှာ ကြက်ပျံမကျ စည်ကားနေသည်ကို ဤသို့ မြင်တွေ့ခဲ့ရသည်။

လွန်ခဲ့တဲ့ ၇၅ နှစ်ခန့်က ဒီချော်ဆိပ် ဘုရားအနီးမှာ ဘုရားများ ပင့်ဆောင်လာတဲ့ ဖောင်တစ်ခု ဝဲမိပြီး နစ်ခဲ့ဖူးပါတယ်။

ဦးအေး(အသက်၈၅နှစ်)
ချော်ဆိပ်ရွာသား

ရတနာပုံခေတ်နှောင်းပိုင်းက လက်ရာများဖြစ်ပြီး အလွန်ကောင်းမွန်တဲ့ လက်ရာများလည်း ဖြစ်ပါတယ်။

ဦးဇော် (အသက် ၇၇ နှစ်)
ကျောက်ဆစ်ပညာရှင်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာ စွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စံပါပဲ (အပိုင်း-၉)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ထူးချွန်ထင်ရှား တပည့်များ(၂)
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အဖြူရောင် မြွေမင်းသမီးလေး (အပိုင်း-၄၃)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

သာသနာဒီပ ဝိပဿနာ တရားစခန်း

ရန်ကုန် ဩဂုတ် ၂၄

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၁၆) ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ အထူးအဓိဋ္ဌာန်(၁၀)ရက် တရားစခန်းကို ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၉ရက်(တော်သလင်းလဆန်း ၁ရက်မှ ၁၀ရက်အထိ) မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ဘဒ္ဒန္တကုဝေရ (သာသနဒီပ)၊ ဦးဝိရိယ(၆ဝိုင်း)နှင့် ဦးစိန္တာမယ(၆ဝိုင်း)တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများသည် ဩဂုတ် ၃၀ရက် (ဝါခေါင်လကွယ်) ညနေ ၅နာရီ အရောက်လာကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲလှူဒါန်း လိုသူများ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။

(၂၃)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရွှေပါရမီပရိယတ္တိ သာသနာလင်္ကာရ စာမေးပွဲ

ရန်ကုန် ဩဂုတ် ၂၄

ဒုတိယအကြိမ်မြောက် ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရ စာမေးပွဲကို သထုံမြို့၌ ၁၃၇၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ရက်(၁၃-၁-၂၀၀၉)ရက်မှစ၍ ပြာသိုလပြည့်ကျော် ၅ရက် (၁၅-၁-၂၀၀၉)ရက်ထိ သုံးရက်တိုင်ကျင်းပမည် ဖြစ်သည်။ ပြာသိုလပြည့်ကျော် ၇ရက် (၁၇-၁-၂၀၀၉)ရက်၌ စာအောင်ဘွဲ့နှင်းသဘင်ကို သထုံမြို့ကျက်သရေဆောင် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ရာ စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို တန်ဆောင်မုန်းလပြည့်နေ့ နောက်ဆုံးထား၍ အတွင်းရေးမှူး ရွှေပါရမီပရိယတ္တိသာသနာလင်္ကာရ စာမေးပွဲကျင်းပရေးအဖွဲ့ ရွှေပါရမီ မြစိမ်းသာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ သထုံမြို့၊ ဖုန်း-၀၅၇-၄၀၁၉၄၊ ၀၅၇-၄၀၅၉၇၊ ၀၉-၈၇၂၀၄၈၀၊ ၀၉-၈၇၂၀၆၈၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာစီးပွားရေးဆိုင်ရာ အင်တာနက် သတင်းဆောင်းပါး

လန်ဒန်၏ လေဆိပ်ကြီးများ ရောင်းချရမည့်အဖြစ်နှင့်ကြုံ

လေကြောင်းခရီးသည်များအတွက် ကမောက်ကမ ဖြစ်စေသည့် ဝန်ဆောင်မှုများ၊ တင်းကြမ်းပြည့် စုပုံနေသည့် ပစ္စည်းပစ္စယများ၊ စိတ်ပျက်ဖွယ်ရာ နှောင့်နှေးကြန့်ကြာမှုများ စသည်တို့နှင့် ပတ်သက်၍ အများပြည်သူ အကျိုးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းတစ်ခု၏ ဝေဖန်ရှုတ်ချထားသည့် အစီရင်ခံစာတစ်စောင် ထွက်ပေါ်လာပြီးနောက်တွင် ဗြိတိသျှလေဆိပ်အာဏာပိုင်အဖွဲ့အစည်း (ဘီအေအေ)ပိုင် ဂက်တ်ဝစ်ခ်နှင့် စတန်းစတက်ဒ် လေယာဉ်ကွင်းကြီးနှစ်ခုကို ထုခွဲရောင်းချရတော့မည့်အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်သည်ဟု ဆိုသည်။

"ကွန်ပက်တေးရှင်းကော်မရှင်" ခေါ် စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း၏ အဆိုအရ ဘီအေအေက လက်ဝါးကြီးအုပ် လုပ်ကိုင်နေသော ယူနိုက်တက်ကင်းဒမ်း၏ အဓိက လေဆိပ်ကြီးများ အဆင့်အတန်းမှာ ဦးစိုက်ကျဆင်းနေပြီဖြစ်ရာ ဤကဲ့သို့ ထုခွဲရောင်းချခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်မည် ဖြစ်သည်ဟု ဆိုသည်။

ဗြိတိသျှလေဆိပ် အာဏာပိုင် အဖွဲ့အစည်း (ဘီအေအေ)၏ စီမံခန့်ခွဲမှုများညံ့ဖျင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများနည်းပါးနေခြင်း၊ ဝန်ဆောင်မှုများ နိမ့်ကျနေသလောက် စရိတ်စက ပေးဆောင်ရမှုများ မြင့်မားနေခြင်းတို့နှင့်စပ်လျဉ်း၍ ခရီးသွားအုပ်စုများနှင့် လေကြောင်းလိုင်းများ၏ ဝေဖန်ပြစ်တင်မှုများ ထွက်ပေါ်နေသည်မှာလည်း ကြာမြင့်နေပြီဖြစ်သည်။

သည်အထဲတွင်မှ တစ်ချိန်က ဘီအေအေပိုင်ဖြစ်ခဲ့ပြီး ယခုအခါ (စပိန်ကုမ္ပဏီတစ်ခုဖြစ်သည့်) ဖာရိုဗီယယ်လ်က ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော လန်ဒန် ဟိသ်ရိုးလေဆိပ်ကြီးမှာ ပြင်းပြင်းထန်ထန် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ ယခုနှစ်တွင်မှ ဖွင့်လှစ်လိုက်သော ဟိသ်ရိုးလေဆိပ်၏ စကြိုဆောင် အမှတ်(၅)(Terminal Five)မှာလည်း စကတည်းကယဉ်သကို ဆိုသကဲ့သို့ပင် ခရီးစဉ်များ ရာနှင့်ချီ၍ ဖျက်သိမ်းခဲ့ရခြင်းနှင့် ခရီးသည်များ၏ လက်ဆွဲတန်ဆာများ သောင်းနှင့်ချီ၍ ပျောက်ဆုံးကြရခြင်းတို့ကြောင့် မျက်နှာပျက်စရာ အဖြစ်နှင့် ကြုံတွေ့နေရသည်။

ဘီအေအေနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှု ပဏာမအစီရင်ခံစာတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းမှစ၍ ဖြစ်ပေါ်လာခဲ့သော လန်ဒန်လေဆိပ်များ နိမ့်ကျလာရခြင်း၏ အဓိကအကြောင်းရင်းမှာ လေဆိပ်အချင်းချင်း ယှဉ်ပြိုင်လုပ်ကိုင်မှု ကင်းမဲ့ခြင်းကြောင့်ဖြစ်ကြောင်း တင်ပြထားသည်။ ထို့ပြင် လေယာဉ်ပြေးလမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မရှိသလောက်ဖြစ်နေခြင်း၊ ခရီးသည်များအတွက် ဝန်ဆောင်မှုများချို့ငဲ့ခြင်း၊ လေဆိပ်၏ လုပ်ငန်းဆောင်တာ ယန္တရားကြီးတစ်ခုလုံးအတွက် ငွေကြေးသုံးစွဲမှု နည်းပါးနေခြင်းတို့ကိုလည်း ထောက်ပြခဲ့သည်။

ထို့ပြင် အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်က မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့အား ခရီးသည်များအတွက် ဝန်ဆောင်မှုအဆင့်အတန်းကို တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ပေးရန် တိုက်တွန်းခဲ့သည်။

ဟိသ်ရိုးလေဆိပ်သည် နှောင့်နှေးကြန့်ကြာမှုများနှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးစာရင်းဝင်လေဆိပ်တစ်ခုဖြစ်သည်။ လေ့လာမှုများအရ ၂၀၀၈ခုနှစ် ပထမသုံးလပတ်အတွင်း လေကြောင်းခရီးစဉ်များ၏ ၄၄ရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် ၁၅ မိနစ်မှ ၂၅ မိနစ်အထိ နောက်ကျခဲ့သည်ဟုဆိုသည်။ ကမ္ဘာ့လေဆိပ် ၁၀၁ခုကို ဆန်းစစ်ချက်အရ ဟိသ်ရိုးလေဆိပ်သည် အဆင့်(၉၀)သို့ရောက်ရှိနေပြီး ဂက်တ်ဝစ်ခ်က အဆင့်(၇၅)နှင့် စတန်းစတက်ဒ်က အဆင့်(၇၄)သို့ ရောက်နေသည်ဟုလည်း ဆိုပြန်သည်။

ဘီအေအေအကြီးအကဲ ကောလင်းမက်သယူးက ၎င်းအစီရင်ခံစာပါ ဝန်ဆောင်မှုများ ညံ့ဖျင်းသည်ဆိုသည့် အချက်ကို လက်ခံသော်လည်း ဂက်တ်ဝစ်ခ်နှင့် စတန်းစတက်ဒ် လေဆိပ်များ၏ အနာဂတ်နှင့် စပ်လျဉ်း၍ သုံးသပ်ချက်များကို ငြင်းပယ်ခဲ့ပြီး ဟိသ်ရိုးလေဆိပ်ကို ရောင်းချရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားခဲ့သည်။

လန်ဒန်လေဆိပ်များ ရောင်းချရေးနှင့်စပ်လျဉ်း၍ လေကြောင်းလိုင်းများနှင့် ခရီးသွားအဖွဲ့အစည်းများက ဝမ်းပန်းတသာ ထောက်ခံခဲ့ကြပြီး ဘီအေအေ၏ လက်ဝါးကြီးအုပ် လုပ်ကိုင်မှုကြောင့် လေဆိပ်များ အဆင့်အတန်းနိမ့်ခဲ့ရကြောင်း၊ လက်ဝါးကြီးအုပ် လုပ်ကိုင်ခြင်းသည် အများပြည်သူ အကျိုးစီးပွားကို ဆောင်ကြဉ်း မပေးနိုင်ကြောင်း သုံးသပ်ကြသည်။

ဟိသ်ရိုး၊ ဂက်တ်ဝစ်ခ်၊ စတန်းစတက်ဒ်နှင့် ပရက်စ်ဝစ်ခ်လေဆိပ်များကို ဟာရိုးလ်ဝီလ်ဆင်၏ လေဘာပါတီအစိုးရ လက်ထက် ၁၉၆၆ခုနှစ်တွင် ဗြိတိသျှလေဆိပ်အာဏာပိုင်အဖွဲ့က တည်ဆောက်လုပ်ကိုင်ခဲ့သည်။ ၁၉၈၇ခုနှစ်တွင် ပုဂ္ဂလိကလုပ်ပိုင်ခွင့် ပေးအပ်ခဲ့ရာ ထိုအချိန်က တာဝန်ယူခဲ့သည့် တိုရီပါတီအစိုးရက အင်အားတောင့်တင်းသော လုပ်ငန်းရှင်တစ်ဦးတည်းက လုပ်ကိုင်ဆောင်ရွက်ခြင်းသည် လေဆိပ်များ၏ စွမ်းဆောင်ရည်ကို တိုးတက်စေမည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု ဆိုခဲ့သည်။ ယင်းနောက် နှစ်နှစ်အကြာတွင် စပိန်ကုမ္ပဏီတစ်ခုဖြစ်သော ဖာရိုဗီယယ်လ်အုပ်စုသို့ ဘီအေအေက လက်လွှဲပေးအပ်ခဲ့သည်။ အဆိုပါ စပိန်ကုမ္ပဏီသည် နိုင်ငံ ၄၀ကျော်၌ ကားပါကင်များ၊လေဆိပ်များ၊ လမ်းခွန်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီတစ်ခု ဖြစ်သည်။

လန်ဒန်၏ အဓိကလေဆိပ်ကြီးနှစ်ခုကို ထုခွဲရောင်းချတော့မည့် အစီအစဉ်အား လာမည့် ဧပြီလတွင် ဆုံးဖြတ်ချက် ချမှတ်ရတော့မည်ဟုဆိုပါကြောင်း အင်တာနက်သတင်းတစ်ရပ်မှ ကောက်နုတ်ဖော်ပြအပ်ပါသည်။ ။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၏ အဓိက လေဆိပ်ကြီးများတွင် တစ်ခုအပါအဝင် ဖြစ်သော ဂက်တ်ဝစ်ခ် လေဆိပ် စကြိုဆောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အောင်နိုင်ဦး (ကြေးမုံ)

၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုများ ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ စုပေါင်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဝန်ထမ်းများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့၏ ကြိုးစားမှုကြောင့် အောင်မြင်ခဲ့သည့် ဘဝမှတ်တိုင်တစ်ခု စိုက်ထူနိုင်တာကို အသိအမှတ်ပြုသည့် နေ့တစ်နေ့ဖြစ်ပြီး နောင်ဆက်လက်၍ အနာဂတ်တွင် စိုက်ထူရမည့် ဘဝမှတ်တိုင်များအတွက် အားသစ်အင်သစ်များ အစပျိုးဖြစ်ထွန်းရာ နေ့တစ်နေ့ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ လူငယ်မောင်မယ်များအနေဖြင့် ခေတ်မီနည်းပညာများ ကျွမ်းကျင်တတ်မြောက်အောင် ဆက်လက်ကြိုးစား သင်ယူကြရဦးမှာဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုနိုင်သည့် ပညာတတ်၊ ပညာရှင်များဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်ငါးဦးတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် သုံးဘာသာဂုဏ်ထူးရှင် မဏ္ဍနီညိုဇော်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဘုန်းတော်ကြီးသင်စာသင်ကျောင်းများသို့ ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ် ၂၂ ရက် ညပိုင်းတွင် ပြည်မြို့ ခေတ္တရာဧည့်ရိပ်သာ၌ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်း၊ ခရိုင် အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းဆိုင်ရာ ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

မှာကြား

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် ရွှေတောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အမှုဆောင်များအားလည်းကောင်း၊ ကြို့ပင်ကောက်မြို့နယ်အသင်းရုံး၌ မြို့နယ်အသင်းအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား လည်းကောင်း တွေ့ဆုံပြီး အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ ရတနာပုံ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော သာယာဝတီခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများသို့ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုနန္ဒ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ ဝါဆိုသင်္ကန်းနှင့် စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းသည်။

အမျှပေးဝေ

ထို့နောက် စိတ္တသုခကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဓမ္မပီယထံမှ ရေစက်ချ တရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

လှူဒါန်း

အခမ်းအနားတွင် သာယာဝတီခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်း ရှစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရန် ဗလာစာအုပ်နှင့် ခဲတံများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။ (စွမ်းအင်)

ချင်းတွင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ၃၈စင်တီမီတာ(၁ဒသမ၂ပေခန့်) နှင့် ကလေးဝမြို့တွင် စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၂၀ (ဝဒသမ၇ပေခန့်)အသီးသီးကျော်လွန်ရောက်ရှိနေပြီး အဆိုပါ မြစ်ရေများသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များ အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပြောကြား

နေပြည်တော် ဩဂုတ် ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ချောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာနရည်မှန်းချက် (၁၁) ရပ်အောင်မြင်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာဖွံ့ဖြိုးရေး၊ ဝန်ထမ်းများ အရည်အသွေး မြှင့်မားရေးတို့ကို မှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးရွာစာကြည့်တိုက်များဆောက်လုပ်ရန် မတည်ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်စာစောင် လှူဒါန်းပွဲသို့တက်ရောက်ပြီး အဆောက်အအုံ ဆောက်လုပ်ရန် လှူဒါန်းငွေကျပ်သိန်း ၂၀ကို လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ ၂၀ တို့မှ ငွေကျပ် ခုနစ်သိန်းကျော် တန်ဖိုးရှိ စာအုပ်စာစောင် ၂၂၂၀အုပ် ပေးအပ်လှူဒါန်းရာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က လက်ခံသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားနှင့် စာကြည့်တိုက် အကျိုးကျေးဇူး၊ ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၈ ရက်တွင် ချောင်းတက်ကျေးရွာ ကြည်နူးရိပ်စာကြည့်တိုက်၊ ဥယျာဉ်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်နှင့် စလေခေတ်မြေရပ်ကွက် ပုလဲစာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်" တရားတော် (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ ရွှေလင်းယုန်ဆရာတော်)
၇း၅၀ - ၁း၅၀	သဒ္ဓါကြည်ဖြူ ဝါတွင်းသုံးလ အရုဏ်ဆွမ်းအလှူ
၈း၁၅ - ၂း၁၅	VJ Choice
၈း၄၀ - ၂း၄၀	စွမ်းအားများဖြင့်ပြည့်ဝစေသည် G.P
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ချင်းစိုက်ပျိုးနည်း)
၉း၂၀ - ၃း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	အစွမ်းထက်မြက် ဆေးတစ်လက်
၉း၄၅ - ၃း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (တော်ဝင်ခမ်းနား ပတ္တမြား) (အပိုင်း-၂)
၁၀း၁၅ - ၄း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ - ၄း၂၅	ကျေးပင်အက်ရေလှောင်တမံ
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ဝက်သားပုံးရည်ကြီးချက်)
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၁း၃၅ - ၅း၃၅	Beautiful And Dawntless Females
၁၂း၂၀ - ၆း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သိမှတ်ဖွယ်ရာကင်ဆာရောဂါ) (ဒေါက်တာမိုးအောင်ကျော်နိုင်နှင့် တွေ့ဆုံခြင်း)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Portsmouth - Man Utd	ESPN (Live)

နေပြည်တော်ပျဉ်းမနားခရိုင်၊ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် လေးတိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော်ပျဉ်းမနားခရိုင်၊ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက် လေးတိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်လယ်ဝေးမြို့ (၆)ရပ်ကွက်ရှိ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ရွှေကျောင်းတော်၌ကျင်းပရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ နေပြည်တော်လယ်ဝေးမြို့နယ် ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တဇနိန္ဒိထံ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က သက်နှံအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ)ဗိုလ်မှူးကြီး တင်အောင်စန်းနှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်တို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင်၊ အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်ထံ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်လေးတိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ကျောင်းတိုက်များအတွက် ဆွမ်းပဒေသာပင် အလှူငွေများကိုလှူဒါန်းကြရာတပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၆၀၀၀၀၊ နေပြည်တော်ပျဉ်းမနားခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက ငွေကျပ် ၂၅၈၀၀၀၊ ထူးကုမ္ပဏီလီမိတက်၊ မြန်မာပြည်သားဟော့ ရေလုပ်ငန်းမိသားစု၊ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် ဆန်းမြန်မာကုမ္ပဏီတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် Elite Geonet Co.,Ltd.၊ TZTM ကုမ္ပဏီနှင့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ၁၃၉၅၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၃၄ အိတ် ၁၈ပြည်၊ ဆီ၄၅ပိဿာ ၅၀ ကျပ်သား၊ ပဲ၇၇ပိဿာ၊ ဆား ၃၈၅ ပိဿာ၊ သွားတိုက်ဆားဘူး ၇၇ဘူး၊ ငရုတ်သီးမှုန့်အထုပ်၅၀၀၊ တိုင်းရင်းဆေးမျိုးစုံ ၆၉၄၇ဘူးနှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ်၁၃၉၅၃၀၀၀ ဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ယနေ့စတင်မည်

နေပြည်တော် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းတို့၌ ဇူလိုင် ၁၁ရက်မှ ဩဂုတ် ၁၇ရက်အထိ ကျင်းပခဲ့သည်။

ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို နေပြည်တော်ရှိ ဝန်ကြီးဌာန ၃၅ သင်းတို့အား အုပ်စု(၈)အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ရာ(က) အုပ်စုတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းကသုံးပွဲနိုင်ကိုးမှတ်ဖြင့် အုပ်စုပထမနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ (ခ)အုပ်စုတွင်အလုပ်သမားဝန်ကြီးဌာနအသင်းကသုံးပွဲနိုင်ကိုးမှတ်ဖြင့် အုပ်စုပထမနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ (ဂ)အုပ်စုတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့မှာ နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် ရမှတ်ခြောက်မှတ်ချင်း တူညီနေသော်လည်းဂိုးအရေအတွက် ကွာခြားမှုအရ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက အုပ်စုပထမနှင့် ရထားပို့ဆောင်ရေး အသင်းက အုပ်စုဒုတိယ၊ (ဃ) အုပ်စုတွင် အားကစားဝန်ကြီးဌာန အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စု ပထမနှင့် နယ်စပ်/စည်ပင် ဝန်ကြီးဌာန အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ (င) အုပ်စုတွင် သာသနာရေးဝန်ကြီးဌာန အသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းက တစ်ပွဲနိုင် တစ်ပွဲသရေတစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စု ဒုတိယ၊ (စ)အုပ်စုတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းကသုံးပွဲနိုင် တစ်ပွဲသရေ ၁၀မှတ်ဖြင့် အုပ်စုပထမနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံး ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ (ဆ) အုပ်စုတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက လေးပွဲနိုင် ၁၂မှတ်ဖြင့် အုပ်စုပထမနှင့် ပြည်ထဲရေးအသင်းက သုံးပွဲနိုင်တစ်ပွဲရှုံး ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ (ဇ)အုပ်စုတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက လေးပွဲနိုင် ၁၂မှတ်ဖြင့်အုပ်စုပထမနှင့်စီးပွား/ကူးသန်း ဝန်ကြီးဌာန အသင်းက သုံးပွဲနိုင် တစ်ပွဲရှုံး ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယအဆင့် အုပ်စုသို့တက်ရောက်ခဲ့ကြသည့် ၁၆သင်းအား အုပ်စု (၄)အုပ်စုခွဲ၍ နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ဩဂုတ် ၂၅ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအဆင့်
အုပ်စုပတ်လည်ပြိုင်ပွဲများ

(ကက)အုပ်စု

စက်မှု(၁)
အလုပ်သမား
ရထား
နယ်စပ်/စည်ပင်

(ခခ)အုပ်စု

ပြန်ကြားရေး
အားကစား
မွေး/ရေ
ယဉ်ကျေးမှု

(ဂဂ)အုပ်စု

သာသနာရေး
ကာကွယ်ရေး
ပြည်ထဲရေး
စီးပွား/ကူးသန်း

(ဃဃ)အုပ်စု

ဆက်သွယ်ရေး
ပို့ဆောင်ရေး
ကျန်းမာရေး
လူမှုဝန်ထမ်း

ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများတွင် လက်ရှိချန်ပီယံ စီးပွား/ကူးသန်း၊ယမန်နှစ် ဒုတိယ ဆက်သွယ်ရေး၊ တတိယရရှိခဲ့သော အားကစားဝန်ကြီးဌာနအသင်းနှင့် ယမန်နှစ်ကထက်အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော ပြန်ကြားရေး၊ ကာကွယ်ရေး၊ သာသနာရေး၊ ပို့ဆောင်ရေး၊ စက်မှု(၁)၊ အလုပ်သမားနှင့် ရထားအသင်းတို့မှာလည်း လျှော့တွက်၍မရသော အသင်းများဖြစ်ရာ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများသည် ပရိသတ် အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်းများဖြစ်ကြောင်း ကြိုတင်သတင်းကောင်း ပါးလိုက်ရပါသည်။

(၂၅-၈-၂၀၀၈)
ပေါင်းလောင်းကွင်း
(ကက)အုပ်စုမှ
စက်မှု(၁)နှင့်နယ်စပ်/စည်ပင်
နေပြည်တော်ကွင်း
(ကက)အုပ်စုမှ
အလုပ်သမားနှင့်ရထား

(၁၀၇)

အများအားဖြင့် မိုးလျော့နည်းနေမည်

ရန်ကုန် ဩဂုတ် ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၃ဒသမ ၄၆လက်မ၊ ရန်ကုန်မြို့လယ်တွင် ၁ဒသမ၇၀လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ ၄၆လက်မ၊ ပဲခူးမြို့တွင် ၁ဒသမ၃၈လက်မ၊ ဘီးလင်းမြို့တွင် ၁ဒသမ ၂၆လက်မနှင့်ကျောက်ဖြူမြို့တွင် ၁ဒသမ၂၂လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၂၅ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၈ဒီဂရီဖာရင်ဟိုက်)၂၃-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်) ၂၄-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း ၂၄-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၇ ဒသမ ၀နာရီခန့် ၂၃-၈-၂၀၀၈

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန် ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Tej Bunnag ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ် (၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ထိုင်းရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နှစ်နိုင်ငံ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်အား ဖူးမြော်ကြည်ညို ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)သို့ အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ သံတမန်ဆက်သွယ်မှုစတင်တည်ထောင်သည့် နှစ်(၆၀) ပြည့်အထိမ်းအမှတ် သံဃာတော်အပါး ၆၀ တို့အား သင်္ကန်းကပ်လှူခြင်းနှင့် သံဃာတော်နှင့်သီလရှင် စုစုပေါင်း ၉၉၉ ပါးတို့အား ဆွမ်းလောင်းလှူခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်များ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့၌ ရောက်ရှိနေသောထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr.Tej Bunnag နှင့်ဇနီး Madam Phensri Bunnag တို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Bansarn Bunnag နှင့် ဇနီးနှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံ အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေမြင့်မိုရ် လေးကျွန်းစကြာ ကျောင်းဆောင်တော်ကြီး၌ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်ဆရာတော် အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးနှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ဆွမ်းလောင်းလှူကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အနီးရှိ ထိုင်းဘုရင် Bhumibol Adulyadej နှင့် မိဖုရား Srikit တို့ ၁၉၆၀ ပြည့်နှစ်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့စဉ်က ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် စိုက်ပျိုးပေးခဲ့သော မဟာဗောဓိညောင်ပင်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးတို့ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အလုံမြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)သို့ရောက်ရှိ၍ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)အတွက် ထိုင်းဘတ်ငွေနှစ်သိန်းကို ပေးအပ်လှူဒါန်းကာ ဗဟိုအမျိုးသမီး ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇း၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၃၀ ၈။ International News.
- ၈း၄၀ ၉။ အတီးပြိုင်ပွဲ
- ၈း၅၀ ၁၀။ **"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်) [ဒါရိုက်တာ-စောစန္ဒာလှိုင်]**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၄း၃၅ ၄။ အကပဒေသာ
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ မူဟာန်သွယ်သွယ်ဆိုကြမယ်
- ၅း၁၅ ၇။ အတီးပြိုင်ပွဲ
- ၅း၃၅ ၈။ **"နတ်လူသာခုခေါ်စေသော်" (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) [ဒါရိုက်တာ-သော်ကိုကိုကျော်]**
- ၅း၅၅ ၉။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၃။ ဘက်စုံဖွံ့ဖြိုးတိုးတက် ဝေဆာ ဖာမွန်းစံပြကျေးရွာ
- ၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်" (အပိုင်း-၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၃)**
- ၁၉။ အစီအစဉ်ပြီး၏။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကွန်ရာဒ်ဟိုတယ်တွင် တည်ခင်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ထောင်သည့် နှစ်(၆၀) ပြည့် အထိမ်းအမှတ် ဧည့်ခံပွဲသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်စွန်ထော်ရပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြစဉ်။

(နိုင်ငံခြားရေး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကြည့်ရှုလေ့လာ

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag နှင့် ဇနီး Madam Phensri Bunnag တို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အနီးရှိ ထိုင်းဘုရင် Bhumibol Adulyadej နှင့် မိဖုရား Srikit တို့ ၁၉၆၀ ပြည့်နှစ်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့စဉ်က ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် စိုက်ပျိုးပေးခဲ့သော မဟာဗောဓိညောင်ပင်ကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းသည် ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) ခန်းမ၌ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော အခွန်အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကိုကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်လိုသူများသည် ဩဂုတ် ၂၈ ရက်နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ လာရောက်စာရင်းသွင်းရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✧ **ပေကျင်းအိုလံပစ်မှ**

အားကစားကွင်း၏ ဗဟိုတွင် နိုင်ငံတကာအိုလံပစ် အားကစားကော်မတီ အဖွဲ့ဝင်များက အားကစားပြိုင်ပွဲ လုပ်အားပေးများ၏ ကိုယ်စားလှယ် ၁၂ ဦးကို ပန်းစည်းလက်ဆောင်များ ပေးအပ်ခဲ့သည်။ ယခုပြိုင်ပွဲတွင် လုပ်အားပေးသူ စုစုပေါင်း ၁၀၀၀၀၀ ခန့် ရှိသည်။

နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဂျာကွက်စ်ရော့ဂီက (၂၉)ကြိမ်မြောက် နွေရာသီအိုလံပစ် အားကစားပွဲတော် ပြီးဆုံးခြင်းကြောင်း ကြေညာသည်။ ၎င်း၏ပိတ်ပွဲမိန့်ခွန်းတွင် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲသည် "အမှန်ပင် ထူးခြားလှပါသည်"ဟု ချီးကျူးပြောဆိုသွားခဲ့သည်။

အိုလံပစ်အလံကို အလံတိုင်မှလျှော့ချကာဖြုတ်ယူ၍ အကြိမ်(၃၀)မြောက် အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဗြိတိန်နိုင်ငံမှ လန်ဒန်မြို့တော်ဝန်လက်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အင်္ဂလန်ဘောလုံးသမား စူပါစတား ဒေးဗစ်ဘက်ဟမ်း၏ ဘောလုံးကန်ချက်ဖြင့် လန်ဒန်အိုလံပစ်ခရီးကို စတင်သည်။

ည ၉နာရီ ၂၅မိနစ်တွင် အိုလံပစ်မီးတောက်ကြီးသည် စပိန်အဆိုတော်နှင့် တရုတ်အဆိုတော်တို့၏ သီချင်းသံနှင့်အတူ တဖြည်းဖြည်း ငြိမ်း၍ ပေကျင်းအိုလံပစ်ပွဲကြီး ပြီးဆုံးသွားလေသည်။

လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင် အိုလံပစ်အလံအား လွှဲပြောင်း လက်ခံရယူပြီး တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

❖ **ကျော့ဖုံးမှ**

ယောဂကျင့်စဉ်သည် သွေးဆုံးကိုင်သော အမျိုးသမီးများအား အကျိုးကျေးဇူး ပြုနိုင်၊ မပြုနိုင် လေ့လာရန်အတွက် အသက်(၄၀)မှ(၅၅)နှစ်အရွယ် သွေးဆုံးနေသော အမျိုးသမီး ၁၂၀ကို စမ်းသပ်ခဲ့သည်။ ၎င်းတို့ကို နှစ်ဖွဲ့ခွဲကာ တစ်ဖွဲ့ကို ယောဂတရားနာစေ၍ ယောဂကျင့်စေခဲ့ပြီး ကျန်တစ်ဖွဲ့ကိုယောဂမကျင့်ဘဲတရားသာနာစေခဲ့သည်။ ယောဂကျင့်သောအဖွဲ့ကို တစ်ပတ်လျှင် ငါးရက်နှုန်းဖြင့် ရှစ်ပတ်တိတိ ကျင့်စေခဲ့သည်။

ထိုကျင့်စဉ်တွင် ပါဝင်သော ခန္ဓာကိုယ်အနေအထား၊ အသက်ရှူခြင်းနှင့် ဝိပဿနာကျင့်ခြင်းတို့သည် စိတ်ထဲတွင် အတွေးအမြင်များ ပေါ်နေသောနှုန်းကို တဖြည်းဖြည်းလျှော့ချခြင်းဖြင့် စိတ်ကို ပြုပြင်မွမ်းမံရာတွင် ထိန်းချုပ်မှုတိုးတက်စေရန်ဖြစ်သည်။

ရှစ်ပတ်ကြာပြီးနောက် ယောဂကျင့်သောအဖွဲ့သည် စိတ်အာရုံ၌ မကောင်းသော အနိဋ္ဌာရုံများ မြင်ရခြင်းနှင့် ညဘက်ချွေးထွက်ခြင်းတို့ လျော့ကျသွားပြီး အနှောင့်အယှက်ကင်းစွာ အိပ်ပျော်နိုင်ကြသည်။ ကျန်အဖွဲ့မှာ ထိုကဲ့သို့သော အကျိုးတရားများမခံစားရကြောင်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားပြည်နယ် ဆွာမိဝိဝေကနန္ဒာ ယောဂအနုစန္ဒနစမ်သနာမှ ဒေါက်တာချတ်သရာနှင့်အဖွဲ့က တွေ့ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစား ပြိုင်ပွဲရလဒ်များ

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲနောက်ဆုံးနေ့တွင် ဆက်လက်ယှဉ်ပြိုင်ကြရာ ထွက်ပေါ်လာသော ရလဒ်များမှာ-

အမျိုးသားမာရသွန်ဗိုလ်လုပွဲ

ရွှေ - ဆာမြူရယ်ကမူးဝမ်စီရူ (ကင်ညာ)
(၂ နာရီ ၆ မိနစ် ၃၂ စက္ကန့်) (အိုလံပစ်စံချိန်)
ငွေ - ဂျာအော့ဂါရစ် (မော်ရိုကို)
(၂ နာရီ ၇ မိနစ် ၁၆ စက္ကန့်)
ကြေး - တီစီဂေးကီဗီးဒီ(အီသီယိုးပီးယား)
(၂ နာရီ ၁၀ မိနစ် ၀ စက္ကန့်)

အမျိုးသားဘတ်စကက်ဘော ဗိုလ်လုပွဲ

အမေရိကန် ၁၁၈ - ၁၀၇ စပိန်

အမျိုးသားဘတ်စကက်ဘော တတိယလုပွဲ

အာဂျင်တီးနား ၈၇ - ၇၅ လစ်သူယေးနီးယား

လက်ဝှေ့ - အမျိုးသားလိုက်ဖလိုင်းဝိတ် (၄၈ ကီလို) ဗိုလ်လုပွဲ

ရွှေ - ရှီမင်းဝူ (တရုတ်)
ငွေ - ဆာဒန်ဗာပူရက်ပ်ဒေါ့ဂျ် (မွန်ဂိုရီးယား)

လက်ဝှေ့- အမျိုးသားဘင်တန်ဝိတ် (၅၄ ကီလို) ဗိုလ်လုပွဲ

ရွှေ - ဘာဒါအူဂန်အင်းဘတ် (မွန်ဂိုလီးယား)
ငွေ - ယန်ကီးလ်လီယွန်အလာကွန် (ကျူးဘား)

လက်ဝှေ့- အမျိုးသားလိုက်ဝိတ် (၆၀ ကီလို) ဗိုလ်လုပွဲ

ရွှေ - အဲလက်စီတီချင်ကို (ရုရှား)
ငွေ - ဒူဒါဆော (ပြင်သစ်)

လက်ဝှေ့- အမျိုးသားဝေါလ်တာဝိတ် (၆၉ ကီလို) ဗိုလ်လုပွဲ

ရွှေ - ဘာယက်ဆာဆီဘာယော့ဗ် (ကာဇက်စတန်)
ငွေ - ကာလို့စ်ဘင်တော့ဆူရက်ဇ် (ကျူးဘား)

လက်ဝှေ့- အမျိုးသားလိုက်ဟဲဗီးဝိတ် (၈၁ ကီလို) ဗိုလ်လုပွဲ

ရွှေ - ကျောက်ပင်း (တရုတ်)
ငွေ - ကင်နီအီဂန် (အိုင်ယာလန်)

လက်ဝှေ့- အမျိုးသားစူပါဟဲဗီးဝိတ် (+၉၁ကီလို) ဗိုလ်လုပွဲ

ရွှေ - ရောဘတ်တိုကာဗာရယ်လီ (အီတလီ)
ငွေ - ဇီလိုင်းဟန် (တရုတ်)

အမျိုးသားဘော်လီဘော ဗိုလ်လုပွဲ

အမေရိကန် ၃ - ၁ ဘရာဇီး

အမျိုးသားဘော်လီဘော တတိယလုပွဲ

ရုရှား ၃ - ၀ အီတလီ

အမျိုးသားဝါတာပိုလို ဗိုလ်လုပွဲ

ဟန်ဂေရီ ၁၄ - ၁၀ အမေရိကန်

အမျိုးသားဝါတာပိုလိုတတိယလုပွဲ

ဆာဗီးယား ၆ - ၀ မွန်တီနီဂရိုး

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပေကျင်းအိုလံပစ် ပိတ်ပွဲမှ တက်ကြွဖွယ် မြင်ကွင်း

ဩဂုတ် ၂၄ရက်က ကျင်းပသော ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားမှ တက်ကြွဖွယ် မြင်ကွင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမှာစကားပြောကြား

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဩဂုတ် ၂၂ ရက်က အထက(၃) တောင်ဥက္ကလာပ ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ကြည်ငွေး အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်း လူသတ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်း၌ ဩဂုတ် ၁၉ရက်က ဖြစ်ပွားခဲ့သော ညအချိန် နေအိမ်အတွင်း ဝင်ရောက်ကျူးလွန်ခဲ့သည့် လူသတ်မှုမှ တရားခံများအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခန့်က သဃ်န်းကျွန်းမြို့နယ်(၁၆/၄)ရပ်ကွက်ပြည်သာယာလမ်း မ/၆၄၃(အေ)နေ ဦးသိန်းထွန်း - ဒေါ်သက်သက်ခိုင်တို့၏ နေအိမ်၌ ၎င်းတို့၏သားဖြစ်သူ အသက်လေးနှစ်အရွယ်ရှိ မောင်ဇေလျှံထက်မှာ ငိုယိုနေသည်ကို အိမ်နီးနားချင်းများက တွေ့ရှိသဖြင့် တာဝန်ရှိသူများထံ သတင်းပို့ပြီး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ဦးသိန်းထွန်းနှင့် ဒေါ်သက်သက်ခိုင်တို့မှာ နေအိမ်အပေါ်ထပ် အိပ်ခန်းထဲ၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ သဃ်န်းကျွန်းရဲစခန်းမှ (ပ)၄၁၁/၂၀၀၈ ပုဒ်မ ၃၀၂ အရ အရေးယူခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က နေ့/ညမပြတ် စုံစမ်းခဲ့ရာ ဩဂုတ် ၂၀ရက်တွင် ပြစ်မှုကျူးလွန်သူများမှာ စိုးပိုင်(ခ)စိုးပိုင်ဦး(ခ) သန့်ဇော်(ခ) အောင်စိုးမိုး (ခ) စိုးမိုးခိုင်(၂၅)နှစ်(ကျပန်း)(ဘ)ဦးဝင်းခင် ခြောက်ခန်းတွဲလိုင်း ဗဟိုဝန်ထမ်းတက္ကသိုလ်ဇီးပင်ကြီး ပြင်ဦးလွင်မြို့နယ် မန္တလေးတိုင်းနေသူနှင့် ဟိန်းသီဟ(ခ) သီဟ(ခ)ဇော်ထက်(၂၆)နှစ်(ကျပန်း)၊ (ဘ)ဦးသိန်းထွန်း မ/၁၉(ဘီ)၊ ယုဇန(၁)လမ်း မြို့မတောင်ရပ်ကွက် သန်လျင်မြို့နယ်နေသူတို့ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ စိုးပိုင်(ခ) စိုးပိုင်ဦး(ခ) သန့်ဇော် (ခ) အောင်စိုးမိုး(ခ)စိုးမိုးခိုင်အား ဩဂုတ် ၂၁ရက် မွန်းလွဲ ၁ နာရီ ၁၅မိနစ်တွင် သန်လျင်မြို့ ကညင်ပင်ကျေးရွာနေ ထွန်းထွန်းဦး၏နေအိမ်၌ လာရောက်ခိုအောင်းရောက်ရှိနေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံဟိန်းသီဟ(ခ) သီဟ(ခ)ဇော်ထက်အား ဩဂုတ် ၂၂ ရက် ည ၁၀ နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် မဟာဗောဂလမ်းရှိ (၉၉၉) အရက်ဆိုင်၌အရက်သောက်နေစဉ် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်စဉ် ၎င်းတို့ယူဆောင်သွားသော GSM ဖုန်းကိုလည်း ၎င်းတို့ရောင်းချခဲ့သည့် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းရှိ ဖုန်းအပိုပစ္စည်း ရောင်းသည့်ဆိုင်မှ ပြန်လည်သိမ်းဆည်း ရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ ဟိန်းသီဟ(ခ) သီဟ(ခ) ဇော်ထက်နှင့် စိုးပိုင်(ခ)စိုးပိုင်ဦး(ခ) သန့်ဇော်(ခ)အောင်စိုးမိုး(ခ) စိုးမိုးခိုင်တို့မှာ ယခင်က ခိုးမှုများကျူးလွန်ခဲ့၍ထောင်ဒဏ်ကျခံရဖူးသူများဖြစ်ပြီး ရဲဘက်စခန်းများမှ ထွက်ပြေးလာသော ရဲဘက်ပြေးများဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံဆွတ်တောင်ကြားဒေသရှိချာဟာဘတ်ခရိုင်ရဲစခန်း ကားဗုံးဖောက်ခွဲတိုက်ခိုက် ခံရပြီးနောက် အပျက်အစီးများအား ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်ငွေ့ ရှူရှိုက်ရမှုကြောင့် ဘာရာဇီးတွင် တစ်နေ့လျှင် ခုနစ်ဦးနှုန်းသေဆုံး

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၃

ဘာရာဇီးနိုင်ငံတွင် ဆေးလိပ်သောက်သူများ၏ ဆေးလိပ်များမှ မီးခိုးငွေ့များကို ရှူရှိုက်ရသဖြင့် တစ်နေ့လျှင် ခုနစ်ဦးနှုန်း သို့မဟုတ် တစ်နှစ်လျှင် ၂၆၅၅ ဦးသေဆုံးနေရကြောင်း သောကြာနေ့က ထုတ်ပြန်သောလေ့လာမှု စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရီယိုဒီဂျနေးရိုးပြည်နယ်တက္ကသိုလ်နှင့်ကင်ဆာဌာနတို့၏ ပူးပေါင်းလေ့လာမှုအစီရင်ခံစာတွင်ဆေးလိပ်မီးခိုးငွေ့များကြောင့်အဆုတ်ကင်ဆာ၊ ဦးနှောက်သွေးယိုခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးကြွက်သားဆိုင်ရာ ရောဂါများနှင့် နှလုံးသွေးကြောပိတ်ဆို့ခြင်းစသည့် ရောဂါများ ရရှိနိုင်ကြောင်း တင်ပြထားသည်။

ဦးနှောက်သွေးယိုခြင်း ရောဂါဖြင့် သေဆုံးရသူ ဦးရေ ၁၀၀၀ တွင် ၂၉ ဦး၊ နှလုံးရောဂါဖြင့် သေဆုံးသူ ၁၀၀၀ တွင် ၂၅ဦးနှင့် အဆုတ်ကင်ဆာရောဂါဖြင့် သေဆုံးသူ ၁၀၀၀ တွင် ခုနစ်ဦးတို့သည် ဆေးလိပ်ငွေ့ရှူရခြင်းကြောင့်ဖြစ်သည်ကို သိပ္ပံပညာရှင်များက ဖော်ထုတ်သိရှိခဲ့သည်။

အဆိုပါ လေ့လာမှုအရ ထိုရောဂါများဖြစ်နိုင်ခြေသည် အမျိုးသားများထက် အမျိုးသမီးများက ၁ ဒသမ ၃ဆယ်ပိုကြောင်း၊အသက်၆၀ သို့မဟုတ် ထို့ထက်ပိုသော သက်ကြီးရွယ်အိုများသည် ထိုရောဂါများဖြင့် အများဆုံးသေဆုံးနိုင်ဖွယ်ရှိကြောင်းသိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒုံးပျံလွှတ်တင်မှု မအောင်မမြင် ဖြစ်ပြီးနောက် နာဆာအဖွဲ့က ဒုံးယာဉ်ကို ဖျက်ဆီးခဲ့

ဝါရှင်တန် ဩဂုတ် ၂၃

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်ဝေါလော့ပ်လေကြောင်းပျံသန်းရေးစခန်းမှဒုံးယာဉ်တစ်စင်းကိုသောကြာနေ့အစောပိုင်းကပစ်လွှတ်ခဲ့ရာမအောင်မမြင်ဖြစ်ခဲ့ရသည်ဟု အမေရိကန်အာကာသလေ့လာရေးအဖွဲ့က ဖော်ပြသည်။

ထိုဒုံးပျံဖြင့် အသံ၏အလျင်ထက်အဆများစွာ မြန်ဆန်သော နှုန်းဖြင့်ရွေ့လျားနိုင်သော ကိရိယာများကို စမ်းသပ်ရန် စီစဉ်ခဲ့သည်။ ဒုံးယာဉ်ကို ဩဂုတ် ၂၂ရက်နံနက်၅နာရီ၁၀မိနစ်က လွှတ်တင်အပြီး ၂၇ စက္ကန့်အကြာတွင် ပုံမမှန်သော အခြေအနေဖြစ်ပေါ်လာပြီး ထိုစမ်းသပ်မှုမှာ မအောင်မမြင် ဖြစ်ခဲ့ရသည်။

လွှတ်တင်မှု မအောင်မမြင်ဖြစ်ပြီးနောက် အန္တရာယ်ကင်းရှင်းစေရန် ဒုံးယာဉ်ကိုဝေဟင်၌ပင်ဖျက်ဆီးလိုက်သည်။ယင်းသို့ဖျက်ဆီးခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရမှုနှင့် အပျက်အစီးတစ်စုံတစ်ရာရှိကြောင်း သတင်းမရရှိဟု နာဆာအဖွဲ့ကပြောကြားသည်။ဒုံးပျံ၏ အပျက်အစီး အစိတ်အပိုင်း အများစုသည် အတ္တလန္တိတ်သမုဒ္ဒရာတွင်းသို့ ကျသွားသည်ဟု နာဆာအာကာသလေ့လာရေးအဖွဲ့က ပြောကြားသည်။

သို့ရာတွင် မြေပြင်ပေါ်၌ ဒုံးယာဉ်၏ အပျက်အစီး အစအနများ တွေ့ရှိပါကလည်းမထိ၊ မကိုင်ကြရန်နှင့် နာဆာအဖွဲ့သို့ အကြောင်းကြားပါရန် သတိပေးနှိုးဆော်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားဒုံးပျံများ ဖြန့်ထားမည့်ကိစ္စ မဟုတ်မမှန်ကြောင်း ဆီးရီးယားငြင်းဆို

ဒမတ်စကတ် ဩဂုတ် ၂၃

ဆီးရီးယားနိုင်ငံသမ္မတ ဘာရှာအယ်လ်အာဆတ်သည်ရုရှားတာဝန်ရှိသူများနှင့် ဆီးရီးယားနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များကို အရည်အသွေးမြှင့်တင်ရန်ဆွေးနွေးပြီးနောက် ခေတ်မီ ရုရှားဒုံးကျည်စနစ်များ ဆီးရီးယားတွင်ချထားရန် စဉ်းစားနေသည်ဆိုသော သတင်းများအား မဟုတ်မှန်ကြောင်း သောကြာနေ့က ငြင်းဆိုသည်။

ဆီးရီးယားနှင့် ရုရှားသမ္မတတို့ ကြာသပတေးနေ့က ပင်လယ်နက် အပန်းဖြေစခန်း၌ တွေ့ဆုံဆွေးနွေးသည့်အစီအစဉ်တွင် အစ္စကန်ဒါဒုံးကျည်များ ဖြန့်ချထားရေးကိစ္စ မပါဝင်ကြောင်း ဆီးရီးယားနိုင်ငံပိုင်ဆာနာသတင်းဌာနက ပြောကြားသည်။ အဆိုပါ ဒုံးကျည်များသည် မည်သည့် ဒုံးကျည်ကာကွယ်ရေးကိုမဆို စိန်ခေါ်နိုင်စွမ်း ရှိသည်ဟု မော်စကိုက ပြောဆိုထားသည်။

ဆီးရီးယားနိုင်ငံပိုင်နက်တွင်အစ္စကန်ဒါဒုံးကျည်များဖြန့်ချထားရန်ဆီးရီးယားက သဘောတူကြောင်း သတင်းများသည်မမှန်ကန်ပါဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

ရုရှားသတင်းဌာနများက အစ္စရေးနိုင်ငံအထိ ရောက်အောင်ပစ်နိုင်သော မြေပြင်မှမြေပြင်ပစ်ဒုံးကျည်များချထားရေးကို ဆီးရီးယားက ဆွေးနွေးရန် အဆင်သင့်ရှိနေသည်ဟု အာဆတ်၏ ပြောကြားချက်များကိုကိုးကား၍ဖော်ပြခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ အသေခံဗုံးနှစ်လုံး ပေါက်ကွဲ ၆၅ ဦးသေဆုံးပြီး ၇၆ ဦးဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းပန်ဂျပ်ပြည်နယ်တွင်ဩဂုတ် ၂၁ရက်က အသေခံဗုံးပေါက်ကွဲမှုနှစ်နေရာဖြစ်ပွားရာ ၆၅ ဦးသေဆုံးပြီး အခြား ၇၆ ဦး ဒဏ်ရာရရှိကြောင်း ပြည်တွင်း ရုပ်မြင်သံကြားက ဖော်ပြသည်။ ဝါ့ချ်ကန့်တ်ဒေသရှိ ပါကစ္စတန်လက်နက်စက်ရုံ၏ ဂိတ်ပေါက်နှစ်ခု၌ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများသည် ပါကစ္စတန်စစ်သွေးကြွအဖွဲ့(တီတီပီ)က ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားသည်။

တီတီပီပြောရေးဆိုခွင့်ရှိသူ မော်လ်ဗီယူမာက အနောက်မြောက်ပိုင်းဒေသနှင့် လူမျိုးစုဒေသများတွင် စစ်ဆင်ရေးများ ရပ်ဆိုင်းပေးရန်တောင်းဆိုသည်။ အကယ်၍ စစ်ဆင်ရေးများကိုရပ်တန့်ခြင်း မရှိပါက အခြားနေရာများတွင် ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်မည်ဟု ၎င်းကသတိပေးပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကွမ်တုန်ပြည်နယ်အတွင်းသို့ နူရီမုန်တိုင်းဝင်ရောက်

ကွမ်ကျိုး ဩဂုတ် ၂၃

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တွင်းသို့ ပင်လယ်ဘက်မှ ဝင်ရောက်လာသော နူရီမုန်တိုင်းသည် ဩဂုတ် ၂၂ ရက်ည ၁၀ နာရီ ၁၀ မိနစ်တွင် နန်လန်မြို့အနီးမှ ကုန်းတွင်းသို့ဝင်ရောက်သည်။ ကုန်းတွင်းသို့ ဝင်ရောက်ခဲ့စဉ် မုန်တိုင်း၏အင်အားသည် အဆင့် ၁၀ သို့မဟုတ်တစ်နာရီလျှင်လေတိုက်နှုန်း ကီလိုမီတာ ၉၀နှုန်းအထိပြင်းထန်သည်။

နူရီမုန်တိုင်းသည် ယခုနှစ်အတွင်း ဖြစ်ပေါ်သော မုန်တိုင်းများအနက် ၁၂ ခုမြောက် မုန်တိုင်း ဖြစ်သည်။ ထိုမုန်တိုင်းသည် ဟောင်ကောင်ကမ်းခြေပိုင်းသို့ ဝင်ရောက်သောအခါ တိုင်ဖုန်းမုန်တိုင်းအဆင့်မှ အပူပိုင်းမုန်တိုင်း အဖြစ် အင်အားလျော့ကျသွားသည်ဟု ပြည်နယ်မိုးလေဝသဌာနက ပြောကြားသည်။

သောကြာနေ့ မွန်းလွဲ ၂နာရီခန့်တွင် မုန်တိုင်းသည် ကွမ်တုန်ပြည်နယ်၏မြို့တော် ကွမ်ကျိုးသို့ ဝင်ရောက်တိုက်ခတ်သွားသည်။ ထိုမုန်တိုင်းကြောင့် မီးအချက်ပြသင်ပုန်းကြီးသည် ကားတစ်စီးပေါ် ပြိုကျသဖြင့် ကားပျက်စီးသွားပြီး လိုက်ပါလာသူ သုံးဦးသေဆုံးရသည်ဟု ဒေသခံ ရဲတပ်ဖွဲ့ကပြောကြားသည်။

ထိုမုန်တိုင်းသည် ကွမ်တုန်ဒေသ၊ ပုလဲမြစ်ဝကျွန်းပေါ်ဒေသနှင့် ရှန်ကျင့်ဒေသများအထိ တိုက်ခတ်သွားသည်။ ယင်းမုန်တိုင်းသည် နိုင်ငံ၏အနောက်မြောက်ပိုင်းဆီသို့ ဆက်လက်ရွေ့လျားနိုင်ပြီး အနောက်ဘက်ကွမ်တုန် ဒေသနှင့် ပုလဲမြစ်ဝကျွန်းပေါ်ဒေသတို့တွင် ဩဂုတ် ၂၄ရက်အထိ မိုးများဆက်လက်ရွာသွန်းနိုင်ကြောင်း ခန့်မှန်း ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလော်ရီဒါပြည်နယ်တွင် အပူပိုင်းမုန်တိုင်း တိုက်ခတ် ယခုနှစ်အတွင်း တိုက်ခတ်သည့် ခြောက်ခုမြောက် မုန်တိုင်းဖြစ်

ဝါရှင်တန် ဩဂုတ် ၂၃

ဖလော်ရီဒါပြည်နယ် မြောက်ပိုင်းကျွန်းဆွယ်တွင် အပူပိုင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ရုပ်မြင်သံကြား၌ ဩဂုတ် ၂၂ရက်တွင် ထုတ်လွှင့်သွားသည်။ ထိုအပူပိုင်းဖေးမုန်တိုင်း၏ဗဟိုချက်သည် တစ်နာရီလျှင် ခြောက်မိုင်နှုန်းဖြင့် တဖြည်းဖြည်းတိုက်ခတ်လာရာ ဖလော်ရီဒါပြည်နယ်အနောက်ဘက်သို့ ဦးတည်ရွေ့လျားသွားသည်။ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းရာ မိုးရေချိန်လက်မ ၂၀ကျော်ခဲ့သည်။ နောက်တစ်ရက်၌ အဆိုပါဖေးမုန်တိုင်းသည် အားပျော့သွားနိုင်သည်ဟု ခန့်မှန်းရကြောင်း အမျိုးသား ဟာရီကိန်းမုန်တိုင်း လေ့လာရေးဗဟိုဌာန၏ ပြောကြားချက်ကို ကိုးကားပြီး စီအင်အင်သတင်းဌာနက ဩဂုတ် ၂၃ရက်တွင် ဖော်ပြသည်။

အဆိုပါဖေးမုန်တိုင်းသည် နောက်ရက်ပေါင်းများစွာအတွင်း တဖြည်းဖြည်းအားပျော့ပျက်ပြယ်သွားမည်ဖြစ်သည်။ ယင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး နေရာအတော်များများ၌ ရေကြီးနိုင်ကြောင်း ၎င်းဗဟိုဌာနကပြောကြားသည်။ ထို့ပြင် ယင်းမုန်တိုင်းနှင့် ပတ်သက်သည့် မတော်တဆမှုကြောင့် ခြောက်ဦးသေဆုံးခဲ့သည်။ ၎င်းတို့ထဲမှ နှစ်ဦးသည် မုန်တိုင်းကြောင့် ရေနစ်သေဆုံးပြီး သုံးဦးမှာယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရသည်။ ကျန်တစ်ဦးမှာ ကာဗွန်မိုနောက်ဆိုဒ် အဆိပ်ဓာတ်ငွေ့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ချာလီခရစ်က သတင်းထောက်များအားပြောကြားသည်။

ထိုမုန်တိုင်းကြောင့် ဖလော်ရီဒါပြည်နယ်တွင်းရှိ အိမ်များ၊ ဆေးရုံများနှင့် လမ်းမများပေါ်တွင် ရေကြီးနေသည့်အတွက်ကြောင့် သမ္မတဂျော့ဒဗလျူဘုရှ်က ထိုပြည်နယ်အား အရေးပေါ်ပြည်နယ်အဖြစ်ကြေညာလိုက်ပြီး ဒုက္ခရောက်နေသူများအား အကူအညီပေးရန်အတွက် ရန်ပုံငွေထုတ်ပေးရန် အမိန့်ထုတ်ခဲ့သည်။

အဆိုပါဖေးမုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်တွင် ယခုနှစ်အတွင်း၌တိုက်ခတ်သော မုန်တိုင်းများအနက် ခြောက်ခုမြောက်မုန်တိုင်းဖြစ်သည်။ ထို့ပြင် အတ္တလန္တိတ်သမုဒ္ဒရာ၌ ဟာရီကိန်းမုန်တိုင်းများ ဖြစ်ပေါ်နေသည့်အတွက် ဟာရီကိန်းမုန်တိုင်းလေ့လာရေးကျွမ်းကျင်ပညာရှင်များလည်း အလုပ်များလိမ့်မည်ဖြစ်ကြောင်းဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်တွင် နူရီမုန်တိုင်းတိုက်ခတ် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်ရ

ဟောင်ကောင် ဩဂုတ် ၂၃

ဟောင်ကောင်တွင် ဩဂုတ် ၂၂ရက်က နူရီတိုင်ဖုန်းမုန်တိုင်း တိုက်ခဲ့သည်။ ဟောင်ကောင်သည် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ အဓိကမြို့တစ်မြို့ဖြစ်ပြီး တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မည်ဟု ကြိုတင်ခန့်မှန်း သိရှိရသည့်အတွက် မြို့အတွင်းရှိ ဆိုင်ခန်းများနှင့် စျေးကွက်များကို ပိတ်ထားလိုက်ကြောင်းသိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် တိုက်ခတ်ပြီး ဟောင်ကောင်နှင့် ကီလိုမီတာ ၁၀၀ခန့်အကွာသို့ နီးကပ်လာရာမှ နံနက် ၇နာရီမိနစ် ၄၀(ကမ္ဘာ့စံတော်ချိန် ၁၁နာရီ မိနစ် ၄၀)တွင် ဟောင်ကောင်၌ တိုက်ခတ်သွားရာ ပျက်စီးမှုအချို့ရှိခဲ့သည်။ **(အောက်ပုံ)** ထို့ကြောင့် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းလိုက်ရပြီး ဗစ်တိုးရီးယား ဆိပ်ကမ်းတွင်လည်း လှိုင်းခေါင်းဖြူများ မြင့်တက်လာသည်ကို တွေ့မြင်ရသည်ဟု ဖော်ပြထားသည်။

ယင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုတွင် အဆင့်မြင့် သတိပေးထုတ်ပြန်ချက်များ လိုအပ်နေမည်ဖြစ်ကြောင်း ဟောင်ကောင်မိုးလေဝသဌာနမှ ပြောကြားသည်။ ထိုလေပြင်းမှာ တစ်နာရီကို ၉၈ကီလိုမီတာနှုန်းဖြင့် နေရာတော်တော်များများကို တိုက်ခတ်သွားကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ရေဝတီမြစ်အတွင်းမှ ပေါ်တော်မူဘုရား ငါးဆူ

သတင်းဆောင်းပါး စာမျက်နှာ-၅

လန်ဒန်၏လေဆိပ်ကြီးများ ရောင်းချရမည့်အဖြစ်နှင့်ကြုံ

နိုင်ငံတကာ စီးပွားရေးဆိုင်ရာ အင်တာနက် သတင်းဆောင်းပါး

စာမျက်နှာ (၆)

စီမံခန့်ခွဲမှုဆိုင်ရာ နာမည်ပျက်နှင့်အတူ ရောင်းချရန် ဖိအားပေးခံနေရသည့် လန်ဒန်မြို့မှ စတန်းစတက်ဒ်လေဆိပ်။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ
၂၄-၈-၂၀၀၈ ရက် နိုင်ငံ(၂၀)ဆုတံဆိပ်ရရှိမှုဇယား

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၅၁	၂၁	၂၈	၁၀၀
၂	အမေရိကန်	၃၆	၃၈	၃၆	၁၁၀
၃	ရုရှား	၂၃	၂၁	၂၈	၇၂
၄	ဗြိတိန်	၁၉	၁၃	၁၅	၄၇
၅	ဂျာမနီ	၁၆	၁၀	၁၅	၄၁
၆	သြစတြေးလျ	၁၄	၁၅	၁၇	၄၆
၇	တောင်ကိုရီးယား	၁၃	၁၀	၈	၃၁
၈	ဂျပန်	၉	၆	၁၀	၂၅
၉	အီတလီ	၈	၁၀	၁၀	၂၈
၁၀	ပြင်သစ်	၇	၁၆	၁၇	၄၀
၁၁	ယူကရိန်း	၇	၅	၁၅	၂၇
၁၂	နယ်သာလန်	၇	၅	၄	၁၆
၁၃	ဂျမေကာ	၆	၃	၂	၁၁
၁၄	စပိန်	၅	၁၀	၃	၁၈
၁၅	ကင်ညာ	၅	၅	၄	၁၄
၁၆	ဘီလာရုစ်	၄	၅	၁၀	၁၉
၁၇	ရိုမေးနီးယား	၄	၁	၃	၈
၁၈	အီသီယိုးပီးယား	၄	၁	၂	၇
၁၉	ကနေဒါ	၃	၉	၆	၁၈
၂၀	ပိုလန်	၃	၆	၁	၁၀

၂၀၁၂ အိုလံပစ်ပွဲတော် လန်ဒန်၌ ကျင်းပမည်

ပေကျင်း ဩဂုတ် ၂၄

"One World, One Dream" ဆောင်ပုဒ်ဖြင့် ၂၀၀၈ ခုနှစ် (၂၉)ကြိမ်မြောက် နွေရာသီအိုလံပစ် အားကစားပွဲတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဩဂုတ် ၈ ရက်မှ စတင်ကျင်းပခဲ့ရာ ဩဂုတ် ၂၄ ရက်ညက မီးကျည် မီးပန်း၊ မီးအလှပေါင်းစုံ ပစ်ဖောက်ကာ အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပြီဖြစ်သည်။

ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲတွင် အိမ်ရှင်တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရွှေတံဆိပ် (၅၁)ခု၊ ငွေတံဆိပ်(၂၁)ခု၊ ကြေးတံဆိပ်(၂၈)ခု စုစုပေါင်း ဆုတံဆိပ် (၁၀၀)ဖြင့် နိုင်ငံအလိုက် ပထမရရှိသွားသည်။

၁၇ ရက်ကြာကျင်းပခဲ့သည့် ပေကျင်းအိုလံပစ်အားကစားပွဲတွင် ကမ္ဘာ့စံချိန်သစ်နှင့် အိုလံပစ်စံချိန်သစ် ၄၀ကျော် တင်သွားခဲ့ကြောင်း သိရသည်။

ပေကျင်းအိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနားအပြီးတွင် နောင်လေးနှစ်အကြာ ၂၀၁၂ ခုနှစ် အကြိမ်(၃၀)မြောက် နွေရာသီအိုလံပစ် အားကစားပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် လန်ဒန်မြို့သို့ အိုလံပစ်အလံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

ပေကျင်းမှသည် လန်ဒန်သို့ အိုလံပစ်အလံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်း၊ အင်္ဂလန်လက်ရွေးစင် ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ဟမ်းတို့ တက်ရောက်ကြပြီး အိုလံပစ်အလံကို လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်က လက်ခံယူခဲ့သည်။ ***အင်တာနက်။***

အင်တာနက် ကျန်းမာရေးသတင်း

ယောဂကျင့်စဉ်သည် သွေးဆုံးအမျိုးသမီးများအား ကိုယ်ရောစိတ်ပါ သက်သာစေသည်ဟုဆို

နယူးယောက် ဩဂုတ် ၂၄

ယောဂကျင့်စဉ်သည် သွေးဆုံးကိုင်နေသော အမျိုးသမီးများ ညဘက်ချွေးထွက်ခြင်းနှင့် အနိဋ္ဌာရုံများ အာရုံ၌ ပေါ်လာခြင်းတို့ကို လျှော့ချပေးနိုင်ကြောင်း၊ ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာလုပ်ငန်းများ၊ ဆိုလိုသည်မှာ ဦးနှောက်နှင့် ကြံစည်တွေးတောရာတွင် ထူးချွန်ထက်မြက်လာဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံမှ သုတေသနပညာရှင်များ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ❖**